*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# ကိုချစ်၏ ဝတ္ထုတို(၅)ပုဒ် နိဂုံးပိုင်းလေ့လာချက်

အေးသန္တာဝင်း[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်လာ စကားပြေကဏ္ဍတွင်ပါဝင်သော ကိုချစ်၏ ဝတ္ထုတို(၅)ပုဒ် နိဂုံးပိုင်းလေ့လာချက်ကို တင်ပြထားသော စာတမ်းဖြစ်ပါသည်။ အလေ့လာခံမှာ ကိုချစ်၏စိတ်ကူးနဲ့ ဘုရားတည် ကောင်းမှုတော်ထက် မငယ်နိုင်ပေါင်နှင့် ဝတ္ထုတိုစု(၂၀၁၄၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်) စာအုပ်ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ဝတ္ထုတစ်ပုဒ်တွင် အဆုံးသတ်ပုံ အရေးကြီးကြောင်း သိရှိစေလိုခြင်းဖြစ်ပါသည်။ နည်းနာအနေဖြင့် ဝတ္ထုတိုများ၏ နိဂုံးသဘောသဘာဝများဖြင့် ချဉ်းကပ်လေ့လာ တင်ပြထားသည်။ အခြေခံသုတေသနအမျိုးအစားဖြစ်ပါသည်။ သုတေသနနည်းနာအနေဖြင့်ရှိပြီး အချက်အလက်များအပေါ် အခြေပြုလေ့လာခြင်းနည်းကို အသုံးပြုထားပါသည်။ "ဝတ္ထုတိုများ၏ နိဂုံးတို့သည် ဝတ္ထုတိုလေ့လာမှုတွင် အရေးပါပါသလား"ဟူသော သုတေသနမေးခွန်း ထွက်ပေါ်လာပါသည်။ ထိုသုတေသနမေးခွန်းအရ "နိဂုံးတွင် အာဘော်ကို ဖော်ဆောင်နိုင်ခြင်းရှိ မရှိ"ဟူသော သုတေသနပြဿနာထွက်ပေါ်လာပါသည်။ ဝတ္ထုတိုဖန်တီးရာတွင် နည်းတစ်ခုဖြစ်သည့် နိဂုံး၏အခန်းကဏ္ဍကို သိရှိနိုင်မည့် အကျိုးကျေးဇူးရမည်ဟု မျှော်မှန်းပါသည်။ ဝတ္ထုတိုများတွင် နိဂုံး၏အရေးကြီးပုံကို သိရှိနိုင် မည်ဖြစ်သည်။

**သော့ချက်ဝေါဟာရများ**- ဝတ္ထုတို၊ နိဂုံး၊ အာဘော်၊ ဘဝသရုပ်ဖော်၊ တစ်ကွက်ကောင်း

## နိဒါန်း

မြန်မာစာပေသမိုင်းတွင် ဝတ္ထုသည် စာဖတ်ပရိသတ် အကြိုက်နှစ်သက်ဆုံး စာပေတစ်မျိုးဟု ဆိုနိုင်ပါသည်။ ဝတ္ထုတွင်ဝတ္ထုတိုနှင့် ဝတ္ထုရှည်ဟူ၍ နှစ်မျိုးခွဲခြားကြပါသည်။ ထိုနှစ်မျိုးထဲမှ တစ်ကွက်ကောင်းနှင့်ဆိုလိုရင်းကို ဖော်ပြနိုင်သော ဝတ္ထုတိုအမျိုးအစားကို နှစ်သက်သဘောကျခဲ့ပါသည်။ ဝတ္ထုတိုတွင်လည်း အမျိုးအစားများစွာရှိသည့်အနက် ဘဝသရုပ်ဖော်ဝတ္ထုတိုများကို ပို၍နှစ်သက်သဘောကျမိပါသည်။ ဘဝသရုပ်ဖော်ဝတ္ထုများမှ အဆုံးသတ်ပုံများကို စိတ်ဝင်စားမိသည့်အတွက် ဤစာတမ်းကို ပြုစုရခြင်းဖြစ်ပါသည်။ ဝတ္ထုတိုများသည် တစ်ကွက်ကောင်းနှင့် မိမိဆိုလိုချင်သည်ကို စာဖတ်သူထံ အရောက်ပို့ရသည့်အတွက် အဆုံးသတ်သည့်အပိုင်းသည် အလွန်အရေးကြီးပါသည်။ ထို အရေးကြီးသည့် အပိုင်းကို ဖော်ထုတ်ရန် "ဝတ္ထုတိုများ၏ နိဂုံးတို့သည် ဝတ္ထုတိုလေ့လာမှုတွင် အရေးပါ ပါသလား" ဟူသော သုတေသနမေးခွန်း ထွက်ပေါ်လာပါသည်။ ထိုသုတေသနမေးခွန်းအရ "နိဂုံးတွင် အာဘော်ကို ဖော်ဆောင်နိုင်ခြင်းရှိ မရှိ"ဟူသော သုတေသနပြဿနာ ထွက်ပေါ်လာပါသည်။ ထိုပြဿနာကို အဖြေရှာရန်အတွက် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာများကို အခြေခံကာလေ့လာ ဖော်ထုတ်သွားမည် ဖြစ်ပါသည်။

## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

အမည်ရင်းမှာ ဦးမြင့်သိန်းဖြစ်သည်။ အဖ ဦးသောင်းနှင့် အမိ ဒေါ်ခင်မေတို့မှ ၁၉၅၃ ခုနှစ်တွင် မန္တလေးမြို့၊ စတီးဝန်းရပ်၌ မွေးဖွားခဲ့သည်။ မွေးချင်း(၄)ယောက်တွင် ဒုတိယမြောက်ဖြစ်သည်။ မန္တလေး

---

[၁] မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်

တက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်တို့တွင် ဓာတုဗေဒဌာန သရုပ်ပြ၊ လက်ထောက်ကထိက၊ ကထိကတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် စာပေလောကထဲသို့ ရောက်ရှိခဲ့ပြီး မဂ္ဂဇင်းဝတ္ထုတိုများကို စတင်ရေးသားခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် 'စိတ်ကူးနဲ့ဘုရားတည် ကောင်းမှုတော်ထက် မငယ်နိုင်ပေါင်နှင့် ဝတ္ထုတိုစု' စာအုပ်ဖြင့် တော်ဘုရားကလေးဝတ္ထုတိုဆုကို ရရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် အသက်(၆၆)နှစ်တွင် တောင်ကြီးမြို့၌ ကွယ်လွန်ခဲ့သည်။

**ဝတ္ထုတိုသဘောသဘာဝ**

ဝတ္ထုသည် ရသစာပေဖြစ်သည်။ ဝတ္ထုတွင် ဝတ္ထုတို၊ ဝတ္ထုလတ်၊ ဝတ္ထုရှည်ဟူ၍ တွေ့ရပါသည်။ ဝတ္ထုတို၏ သဘောသဘာဝနှင့် ပတ်သက်၍ ပညာရှင်အသီးသီးက အမျိုးမျိုးကြံဆခဲ့ကြပါသည်။

ဒဂုန်တာရာ(၁၉၆၇)က **"ဝတ္ထုရှည်မှာမူ အလုံးအရင်း အင်အားဖြင့် ထိုးနှက်သော တပ်မဟာကြီးဖြစ်သည်။ ဝတ္ထုတိုသည်ကား ပြောက်ကျားတပ်ဖြစ်သည်။ တစ်နေရာရာကိုကွက်ကာ တိုက်ခိုက်လေသည်။"**(စာ ၂၇၈)ဟူ၍ ဆိုထားရာ တင်ပြနည်းနှင့်ပတ်သက်၍ တစ်ကွက်ကောင်းကိုသာ တင်ပြတတ်ရန်လို ကြောင်း ပြောထားခြင်းဖြစ်သည်။ တက်တိုး(၁၉၆၅)က

> **ဝတ္ထုတို၌ကား စာရေးဆရာသည် ကလောင်ဆန့်၍မရနိုင်ပေ။ ဝတ္ထုတိုသည် တိုရုံသာမကသိပ်သည်းရမည်။။ အကွက်စေ့ရမည်။ အရေးအသားသပ်ရပ်ပိရိ၍ အဓိပ္ပာယ်သည် ဖော်ပြသည်ထက်ပို၍ သက်ရောက်ရမည်။ ထို့ကြောင့် ဝတ္ထုအရေးအသားသည်ခက်သည်။ လက်ဝင်သည်ဟု ဆိုခြင်းဖြစ်သည်။ ဆိုသည့်အတိုင်းပင် ဝတ္ထုတို၌ ဖတ်၍ အားရခြင်းသည်ပင်လျှင် ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်နိုင်ပေသည်။**(အမှာစာ)

ဟူ၍ အကွက်စေ့စေ့နှင့်တင်ပြရပုံကို ဖော်ပြထားပါသည်။

ထို့ပြင် ကျော်အောင်(၂၀၀၁)က **"ဝတ္ထုတိုဆိုသည်မှာ လူ့ဘဝအဆစ်အပိုင်းတစ်ခု၏ ဘဝတစ်ကွေ့ကွေ့ကိုလည်း ပြောပြနိုင်သည်ဖြစ်ရာ ဇာတ်လမ်းအသားပေးထက် စရိုက်အဖွဲ့ကို အလေးပေးလာသည့် သဘောပင်ဖြစ်သည်"**(အမှာစာ)ဟု မိန့်ဆိုထားရာ ဝတ္ထုတိုသဘောသည် ဇာတ်လမ်းသဘောထက် ဇာတ်ဆောင်၏စရိုက်ကို ဦးစားပေးသည့်သဘောကို ထင်ဟပ်ပြနေသည်။ မင်းယုဝေ(၁၉၇၉)က

> **ဝတ္ထုတိုတွင် အဖြစ်အပျက်သည် အဓိကမဟုတ်၊ စာရေးဆရာ၏ တင်ပြလိုချက်၊ ဆိုလိုချက်သာလျှင် အဓိကဖြစ်သည်။ စာရေးဆရာသည် စာဖတ်သူအာရုံကျက်စားစေလိုသော သဘောတစ်ရပ် အချက်တစ်ချက် သုံးသပ်ချက်တစ်ရပ်ကို မူတည်ပြီးလျှင် ယင်းလိုအပ်ချက်သို့ ရောက်အောင် သဘောပေါ်လွင်အောင် အဖြစ်အပျက်များကို ဖန်တီးရမည်**(စာ ၁၆၆)

ဟူ၍ ဆိုထားပါသည်။

ထို့ကြောင့်အထက်ပါပညာရှင်တို့၏ ဖွင့်ဆိုချက်များကို အခြေခံ၍ဝတ္ထုတိုဆိုသည်မှာ အကြောင်းအရာတစ်ခုအဖြစ်အပျက်တစ်ခုကို အခြေခံပြီး ဒိဋ္ဌဓမ္မလူ့လောကကို ထင်ဟပ်ကာ အတိုတောင်းဆုံး

အချိန်အတွင်း အနည်းဆုံးဇာတ်ဆောင်တို့ဖြင့် စာဖတ်သူထံသို့ စာရေးသူ၏အာဘော်ကို ထိမိပေါက်လွင်သည့် အရေးအသားဖြင့် တင်ပြရသော ရသစာပေပင် ဖြစ်သည်ဟု ဆိုချင်ပါသည်။

**နိဂုံးပိုင်းသဘောသဘာဝ**

စာရေးသူတို့သည် မိမိတို့တင်ပြထားသော စာများ(ဝတ္ထု)များကို ပုံစံအမျိုးမျိုးဖြင့် အဆုံးသတ်လေ့နိဂုံးချုပ်လေ့ရှိကြပါသည်။ ထိုသို့နိဂုံးချုပ်ပုံသဘောသဘာဝများကို မောင်ခင်မင်(ဓနုဖြူ)(၂၀၀၉)၏ စကားပြေသဘောတရား၊ စကားပြေအတတ်ပညာစာအုပ်တွင်

> **အကျိုးတရားကို ဖော်ပြ၍ နိဂုံးချုပ်ပုံမျိုး၊ တစ်ချိန်လုံး လှုပ်ရှားနေရာမှ ဖြုန်းခနဲ တိတ်ဆိတ်သွားသည့် ခံစားမှုမျိုးဖြစ်ပေါ်စေသည့် နိဂုံးချုပ်ပုံမျိုး၊ ဆိုလိုချက်ကို လေးနက်သည်ထက် လေးနက်အောင်စာဟန်ဖြင့် အလေးပေးနိဂုံးချုပ်ပုံမျိုး၊ လမ်းညွှန်ချက်ဖြင့် နိဂုံးချုပ်ပုံမျိုး၊ အရေးကြီးသည့်အချက်ကို နောက်ဆုံးကျမှ ဖော်ပြပြီးနိဂုံးချုပ်ပုံမျိုး** (စာ ၁၈၄)

ဟူ၍ ဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။ ထို့ကြောင့် ယခုလေ့လာမည့် စာတမ်းတွင် ဝတ္ထုတိုများသည် မည်သည့်နိဂုံးဖြင့် အဆုံးသတ်ထားသည်ကို လေ့လာတင်ပြထားပါသည်။

ထို့ပြင် မောင်ခင်မင်(ဓနုဖြူ)က နိဂုံးပိုင်းသည် စာကို အနားသတ်ပေးသည့်အပိုင်းဖြစ်ကြောင်း၊ စာတစ်ပုဒ်လုံး၏ ဆိုလိုချက်ကို ပွဲတင်ထပ်ပေးရသည့် အပိုင်းဖြစ်ကြောင်းတို့ကိုလည်း ဆက်လက်ဖော်ပြထားပါသည်။ ထို့နောက် **"နိဂုံးပိုင်းကို ဖတ်ပြီးနောက် စာဖတ်သူ၏ အာရုံထဲတွင် စာတစ်ပုဒ်လုံး စည်းစည်းလုံးလုံး ကျန်ခဲ့လျှင်ထိုနိဂုံးသည် နိဂုံးကောင်းပင်ဖြစ်သည်ဟု သဘောရပါသည်"**(ခင်မင်၊ ၂၀၀၉၊ စာ ၁၈၄) ဟူ၍ စာအဆုံးသတ်ပုံသည် စာဖတ်သူစိတ်ထဲ၌ စည်းစည်းလုံးလုံးကျန်ခဲ့လျှင် နိဂုံးကောင်းဖြစ်ကြောင်း ဆိုထားပါသည်။

တစ်ဖန် ဝတ္ထုတိုနိဂုံးပိုင်းနှင့်ပတ်သက်၍ သူရိယကန္တီ(၁၉၆၇)က ဝတ္ထုရေးလိုသော်စာအုပ်တွင် **"ဝတ္ထုတိုများမှာ...ဝတ္ထု၏ နောက်ဆုံးအပိတ်စလောင်းဖုံးမှာလည်း ပြော်ကောင်းလေစွဟု ဆိုလောက်သော အခြေရှိသဖြင့်"**(စာ ၂၈၉)ဟူ၍ ဝတ္ထုတိုတွင် အဆုံးသတ်ကောင်းရန်လိုကြောင်း ဆိုထားပါသည်။ ထို့ပြင်

> **ဝတ္ထုတိုတစ်ပုဒ်ကို ရေးသားရာ၌ ၎င်း၏အဆုံးသည်အရေးကြီး၏ အဘယ်ကြောင့်ဟူမူ ဝတ္ထုတစ်ပုဒ်လုံးသည် အဆုံးကို အမှီပြု၍ ၎င်း၏ကောင်းခြင်း မကောင်းခြင်းကို လိုက်လျောလျက် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းကိုခံရ၏။ ဝတ္ထုကိုဖတ်ရှုပြီးဆုံးသည်နှင့် ဖတ်ရှုသူ၏စိတ်နှလုံးဝယ် ရသ(၉)မျိုးရှိသည့်အနက် တစ်မျိုးမျိုးကိုခံစားလျက် ကျန်ခဲ့စေနိုင်သော သတ္တိထူးရှိမှသာလျှင် ဝတ္ထုကောင်းဟု ဆိုနိုင်သည်။** (စာ ၁၅၆)

ဟူ၍ဝတ္ထုတစ်ပုဒ်ကောင်းခြင်းမကောင်းခြင်းကို ဝတ္ထုအဆုံးသတ်ကိုကြည့်၍ ဆုံးဖြတ်နိုင်ကြောင်းဖော်ပြထားပါသည်။ ဝတ္ထုတစ်ပုဒ်တွင် အဆုံးသတ်ကောင်းပြီး ရသတစ်မျိုးမျိုး ပေးနိုင်လျှင်ဝတ္ထုကောင်းဖြစ်ကြောင်းလည်း တစ်ပါတည်းဖော်ပြထားပါသည်။ တစ်ဖန်ကျော်အောင်(၁၉၉၀)က ကိုရီးကွန့်ဝတ္ထုတို

များ-၂ စာအုပ်တွင် “**ဝတ္ထုဆုံးခါနီးတွင် စာရေးဆရာ အဓိကပြောလိုသည့်အချက်ကို ပြောပြရ မည်**” (စာ ၁၆)ဟူ၍ စာရေးသူ၏ အဓိကအာဘော်ကို အဆုံးသတ်တွင် ဖော်ပြအသိပေးရန်လိုကြောင်း ဆိုထား ပါသည်။ ဆက်လက်ပြီး စိုးရွှေစင်(၂၀၁၅)က ဝတ္ထုတိုသဘောတရား ဝတ္ထုတိုအတတ်ပညာစာအုပ်တွင်

> **ဝတ္ထုပြီးဆုံးသွားသည့်တိုင် စာဖတ်သူ၏စိတ်ထဲ၌ ပြီးပြီးရောပျောက်ပျက်မသွားဘဲ နှစ်သက်မှု တစ်စုံတစ်ခုနှင့်ယှဉ်သော တွေးစရာ၊ ဝေဖန်စရာ၊ ဆန်းစစ်စရာကျန်ရစ် စေခဲ့သည့် နိဂုံး အဆုံးသတ်ပုံမျိုးဖြစ်ဖို့လိုပါသည်။**(စာ ၆၅)

ဟူ၍ စာတစ်ပုဒ်ပြီးဆုံးသွားလျှင် စာဖတ်သူတွင် တွေးတောဆင်ခြင်စရာများ ကျန်ရစ်ခဲ့ရန် လိုကြောင်း တင်ပြထားပါသည်။ ထို့ကြောင့်ပညာရှင်များက **“ဝတ္ထုအဆုံး စာဖတ်သူအစ”**ဆိုစမှတ်ပြုခဲ့ကြခြင်း ဖြစ်ပါသည်။ ထို့ပြင်အင်္ဂလိပ်စာရေးဆရာ နေသန်နီယယ်တာဝါ(Nathaniel Tower)က ဝတ္ထုအဆုံး သတ်ရာတွင် လိုအပ်သည့်အချက်များနှင့်ပတ်သက်၍ How to End a Short Story Tips For a Compelling Conclusion တွင်

> **အခြေခံအားဖြင့် စာရေးဆရာတစ်ယောက်အနေဖြင့် သင့်ဝတ္ထုတိုကို သင်ကြိုက် သလို အဆုံးသတ်နိုင်ပါသည်။ ဆိုလိုသည်မှာ စာရေးဆရာများ ရွေးချယ်နိုင်သော အဆုံးသတ် ပုံစံအမျိုးမျိုးရှိပါသည်။ ယခုနည်းများမှာ အသုံးများသော ပုံစံအချို့ ဖြစ်ပါသည်။**
>
> **ဆုံးဖြတ်ချက် ခိုင်မာခြင်း - ဤအဆုံးသတ်ပုံမျိုး၌ ဇာတ်ဆောင်သည် ဇာတ်လမ်းကိုဖြစ် စေသော ပဋိပက္ခသို့မဟုတ် ပြဿနာကိုပြန်လည်ဖြေရှင်းသည်။ ထိုအဆုံးသတ်မျိုး သည် ဖြေရှင်းမှုပုံစံ ဖြစ်ပြီး စာဖတ်သူကို စိတ်ကျေနပ်မှု ပေးနိုင်ပါသည်။**
>
> **လှည့်ကွက်- ဤအဆုံးသတ်မျိုးသည် အံ့သြဖွယ်နည်းဖြင့် စာဖတ်သူ၏အမြင်ကို ပြောင်းလဲစေသည်။ လှည့်ကွက်အဆုံးသတ်တစ်ခုသည် မည်ကဲ့သို့ ကောင်းကောင်း ဖန်တီးမှုပေါ်မူတည်၍ စာဖတ်သူကို ရှော့ခ်ရစေခြင်း၊ စိတ်ကျေနပ်စေခြင်း သို့မဟုတ် စိတ်ပျက်စေခြင်း ဖြစ်စေပါသည်။**
>
> **အဖွင့်ပုံစံ- ဤအဆုံးသတ်မျိုးသည် ဇာတ်လမ်း၏ ပဋိပက္ခဖြေရှင်းမှုကို မပြုလုပ်ဘဲ၊ မဖြေရှင်းဘဲ ချန်ထားခဲ့ခြင်းမျိုးဖြစ်သည်။ ၎င်းသည် မရေရာသော စိတ်ခံစားမှု သို့မဟုတ် ဇာတ်လမ်းအကြောင်းအရာကို စာဖတ်သူကိုယ်တိုင် ဖြေရှင်းရန် တွန်းအား ပေးရာ၌ အကျိုးသက်ရောက်မှု ရှိပါသည်။** (2023, google.com)

ဟူ၍ ဝတ္ထုအဆုံးသတ်ပုံများနှင့်ပတ်သက်၍ တင်ပြထားပါသည်။

ထိုသို့အထက်ပါပညာရှင်များ၏ နိဂုံးပိုင်းဖွင့်ဆိုချက်များကို အခြေခံကာဝတ္ထုတစ်ပုဒ်၏ နိဂုံးပိုင်း သည် စာဖတ်သူ၏စိတ်ကို စုစည်းထိန်းကွပ်ပေးနိုင်ပြီး နှစ်သက်မှုပေးနိုင်သည့် အဆုံးသတ်မျိုး ဖြစ်ရမည် ဟု ဆိုနိုင်သည်။ အထက်ပါပညာရှင်တို့၏ ဖွင့်ဆိုချက်များထဲမှ

၁။ စာဖတ်သူ၏ အာရုံထဲတွင် စာတစ်ပုဒ်လုံး စည်းစည်းလုံးလုံး ကျန်ခဲ့စေသောနိဂုံး

၂။ ဖတ်ရှုသူ၏ စိတ်နှလုံးဝယ် ရသ တစ်မျိုးမျိုးကို ခံစားလျက် ကျန်ခဲ့စေနိုင်သောနိဂုံး

၃။ စာရေးဆရာ အဓိကပြောလိုသည့်အချက်ကို ပြောသောနိဂုံး

၄။ စာဖတ်သူထံတွင် နှစ်သက်မှုနှင့်အတူ တွေးစရာ၊ ဝေဖန်စရာ၊ ဆန်းစစ်စရာကျန်ရစ်စေခဲ့သည့် နိဂုံး

ဟူသော အချက်များနှင့် ကိုချစ်၏ ဝတ္ထုတို (၅)ပုဒ်ကို လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

**ဝတ္ထုတိုများ၏ ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်**

**၁။ သူငယ်နာဝတ္ထုတို ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်**

မြင်းခြံခရိုင် ကုက္ကဲရွာရှိ ဖိုးထီသည် ပညာသင်ရမည့်အရွယ်တွင် နွားကျောင်းခဲ့ရသည်။ ထို့နောက် ကျောင်းတက်ချင်သည့် ဖိုးထီကျောင်းမတက်ရဘဲ မြို့တက်ကာ လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးလုပ်ခဲ့ရသည်။ ဖိုးထီသည် သူ၏ညီမဖြစ်သူကိုတော့ ကျောင်းထားရန် အဖိုးအားမှာခဲ့သည်။ ပထမ လက်ဖက်ရည်ဆိုင်တွင် တစ်လနှစ်လ အသားမကျသော်လည်းနောက်တွင် ကျွမ်းကျင်လာခဲ့သည်။ ကျွမ်းကျင်ပြီး မကြာမီအချိုစုံပန်းကန်များကျကွဲ၍ ဆိုင်ရှင်၏ ဆဲရေးတိုင်းထွာမှု တီးဆရာ၏ အနိုင်ကျင့်မှုတို့ကြောင့် ဖိုးထီ အလျော်ပေးကာ အလုပ်ထွက်ခဲ့သည်။ ထို့နောက် နောက်တစ်ဆိုင်သို့ ရောက်ခဲ့ သည်။ ထိုဆိုင်တွင် စားပွဲထိုးလုဆောင်၊ ဆိုင်ရှင်၏ သားမိုးဝင်းကျော်တို့နှင့် ရင်းနှီးခဲ့ရသည်။ မိုးဝင်းကျော်သည် ပညာသင်ခွင့်ရသော်လည်း ဂိမ်းဆိုင်သွားရန် ကျောင်းလစ်ပြီး တစ်ခါတစ်ရံဆိုင်က ပိုက်ဆံများကို ခိုးတတ်သူဖြစ်သည်။ တစ်ရက်တွင် မိုးဝင်းကျော်က မာလဘိုနှစ်တောင့်ကိုခိုးကာ ဖိုးထီလွယ်အိတ်ထဲသို့ထည့်ခဲ့ရာ ဖိုးထီကို သူခိုးဟုစွပ်စွဲကာ အလုပ်ထုတ်လိုက်ကြသည်။ ဖိုးထီသည်အဖြစ်မှန်ကိုသိသော်လည်း သူငယ်ချင်းမိုးဝင်းကျော် အရိုက်ခံမည်စိုးကာ ဖွင့်မပြောခဲ့ပေ။ လုဆောင်သည် ဖိုးထီဘက်မှ မခံနိုင်ဖြစ်ကာ နှစ်ယောက်အတူ အလုပ်ထွက်ခဲ့ကြသည်။ ဝတ္ထုအဆုံးတွင် ဖိုးထီတို့သည် လမ်းပေါ်တွင်ရပ်ရင်း ဘယ်သို့သွား၍ ဘာလုပ်ရမည်ကို မသိအောင်ဖြစ်မိပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားသည်။

ဦးတည်ချက်မှာ ပညာကိုလိုလားသော်လည်း ပညာသင်ခွင့်မရသော ကလေးများ၏ဘဝနှင့်ပညာသင်ခွင့်ရသော်လည်း ပညာကို တန်ဖိုးထား မသင်ယူသော ကလေးများ၏ ဘဝကိုသိရှိနားလည်စေရန် ဖြစ်ပါသည်။

**၂။ ကျွဲရိုင်းဝတ္ထုတို ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်**

ဘုတ်မအမေသည် အဖမဲ့ဘုတ်မတို့မောင်နှမနှစ်ယောက်ကို ဈေးရောင်းကာ ပညာသင်ပေးခဲ့သည်။ ဘုတ်မသည် လေးတန်းအောင်သည်အထိ ဖိနပ်တစ်ခါမျှ မစီးခဲ့ရပေ။ မောင်လေးသည် မလိမ္မာ၍ အမေက ကျောင်းနုတ်ကာ ကိုရင်ဝတ်ပေးခဲ့သည်။ ဘုတ်မခြောက်တန်းတွင် အမေသွေးဆုံးကိုင်၍ အိပ်ရာထဲလဲခဲ့ရာ ဘုတ်မဈေးရောင်းပြီး အမေ့ကို ရှာကျွေးခဲ့သည်။ သို့သော် စားနိုင်ရုံသာပိုက်ဆံရခဲ့သည်။ ထိုအခါ မန်ကျည်းပင်တကာတက်၍ မန်ကျည်းရွက်ခူးရောင်းခဲ့သည်။ တစ်နေ့ အမေသည် သူ့ခုံဖိနပ်လေး

ပြတ်သွား၍ ဘုတ်မထံမှ ရာဘာဖိနပ်လေး ငှားစီးခဲ့သည်။ ဘုတ်မ စီးထားသည့် ရာဘာ ဖိနပ်မှာ ခြောက်တန်းနှစ် ဆယ်နှစ်သမီးအရွယ်က ဖိနပ်ဖြစ်သည်။ ထိုဖိနပ်သည် ဘုတ်မ ဆယ့်ငါး နှစ်ထဲရောက်၍ ဖနောင့်နေရာတွင် မရှိတော့ပေ။ သုံးနှစ်တာကာလတွင် ကြိုးပြောင်း၍ လဲစီးခဲ့ရသည်။ တစ်ရက်တွင် ဘုတ်မသူငယ်ချင်း အေးဆောင်က သူ့အလုပ်ရှင်သမီး၏ ကွဲရိုင်းဖိနပ်အကျလေး ယူလာ ကာ ဘုတ်မကို လက်ဆောင်ပေးခဲ့သည်။ ဘုတ်မသည် ထိုဖိနပ်လေးကို မြတ်နိုးသည့်အတွက် အမေသီလယူသွားရာပင် မပေးလိုက်ပေ။ မန်းကျည်းရွက်ခူးရင်းအထတွင် ဖိနပ်ကလေးက မန်ကျည်းကိုင်းနှင့်ငြိကာ ချိတ်နေခဲ့ သည်။ လှမ်းယူစဉ်ကိုင်းခါကာ ဖိနပ်လေးအောက်သို့ ပြုတ်ကျခဲ့သည်။ အောက်တွင်ခွေးများက တစ်စစီ ကိုက်အဆွဲ ဘုတ်မခွေးမောင်းရင်း အားလွန်ကာ မန်ကျည်းပင်ထက်မှ ပြုတ်ကျသေဆုံးခဲ့ရပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားပါသည်။

ဦးတည်ချက်မှာ လောကတွင် ဖိနပ်ကလေးတစ်ရန်အတွက် အသက်ဆုံးရှုံးခဲ့ရဖူးသည့် အခြေခံ လူတန်းစားတို့၏ ဘဝကို စာနာနားလည်စေလိုခြင်းဖြစ်ပါသည်။

## ၃။ ရွယ်လွန်အတ္တကြိုးဝိုင်းဝတ္ထုတို ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်

ဒေါ်ခင်မေသည် စီးပွားရေးကောင်းမွန်သော အသက်(၇၅)နှစ်အရွယ် မုဆိုးမအဖွားကြီးဖြစ်သည်။ ဒေါ်ခင်မေသည် မနက်အိမ်မှုကိစ္စ ဆွမ်းကိစ္စများ ဆောင်ရွက်ပြီးသည်နှင့် သနပ်ခါးခြေဆုံးခေါင်းဆုံး လိမ်းကာ အဝတ်အစားသပ်သပ်ရပ်ရပ်နှင့် ရွှေအင်ပင်တရားရိပ်သာသို့ မနက် ၉ နာရီမှ ညနေ၅နာရီထိ သွားလေ့ရှိသည်။ ဒေါ်ခင်မေသည် တတိယအရွယ်ကို တရားဓမ္မနှင့် အေးအေးဆေးဆေးဖြတ်သန်းနေ ချိန်တွင် မောင် ဦးရွှေဆန်းနှင့် ညီမဒေါ်ခင်ထွေးတို့ ရေပြဿနာသည် မထင်မှတ်ပဲပေါ်လာသည်။ ထိုရေပြဿနာမှတစ်ဆင့် မိသားစုအမွေပြဿနာသို့ ဦးတည်ခဲ့သည်။ အမွေပြဿနာတွင် ဒေါ်ခင်မေနှင့် ဦးရွှေဆန်းတို့ကတစ်ဖက် ဦးရွှေသန်း၊ ဒေါ်ခင်ထွေးနှင့် ဆွေဆွေတို့ကတစ်ဖက် အမှုဖြစ်ကြသည်။ အမှုဖြစ်ရာတွင် နိုင်ရာနိုင်ကြောင်းကို ရှာကြသည့်အခါ မောင်နှမချင်း ငယ်ကျိုးငယ်နာများကို ဖော်ကြ သည်။ ထိုအချိန်တွင် အစ်မများကို တည်ပေးပြီး ကိုယ်ကျိုးစီးပွားရှာသူလည်းရှိသည်။ နောက်ဆုံးတွင် ညီအစ်မအချင်းချင်း အမှုရင်ဆိုင်နေရသော်လည်း ရိပ်သာသွားရာတွင် ချွေးမဖြစ်သူကို ဒေါ်ခင်မေက ညီမအတွက်ပါ ဟင်းထည့်ခိုင်းပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားသည်။

ဦးတည်ချက်မှာ အမွေသည် မွေတတ်ပြီး အမွေကြောင့် ဖြစ်လာသောအတ္တသည် လူ့စိတ်ကို ပြောင်းလဲစေတတ်ရုံသာမက မောင်နှမသံယောဇဉ်ကိုပါ ပြတ်စေတတ်ကြောင်း သိရှိစေလိုခြင်းဖြစ်ပါ သည်။

## ၄။ တံလှပ်တောအလယ်ဝတ္ထုတို ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်

တံလှပ်တောအလယ်ဝတ္ထုတွင် ဖိုးကိုနှင့် သောင်းမြိုင်သည် ရေခဲချောင်းရောင်းကာ အသက် မွေးသူများဖြစ်သည်။ ဖိုးကိုသည် မြနုနှင့်လက်ထပ်ပြီး သားသုံးယောက်မွေးထားသူဖြစ်သည်။ အိမ်ရှင် ဒေါ်အေးရင် အိမ်တွင် အိမ်ငှားနေသည်။ အိမ်ရှင် ဒေါ်အေးရင်ကမူ အိမ်လခများ မပေးနိုင်သည့် ဖိုးကိုတို့ မိသားစုကို အခြားနေရာရှာရန် ပြောခဲ့သည်။ ဖိုးကိုတို့ ရေခဲချောင်းသည်များသည် နေပူကိုကြောက်နေ၍ မရပေ။ နေပူလေ ရောင်းကောင်းလေဖြစ်သည်။ သောင်းမြိုင် ပြောစကားအတိုင်း သူများပူမှ သူတို့အေး

ရမည့် ဘဝအခြေအနေမျိုးဖြစ်သည်။ တစ်ရက်တွင် ကန်စွန်းရွက်ကြော်၊ ငံပြာရည်ဖျော်နှင့် ပဲကြားလှော် သာပါသော ဖိုးကိုတို့ ထမင်းဝိုင်းလေးသည် ကြက်သားစားချင်သော အငယ်ဆုံးသား ထွန်းထွန်း၏ ဂျစ်တိုက်မှုကြောင့် ပျက်စီးခဲ့ရသည်။ တစ်ရက်တွင် မန္တလေးမြို့၌ မီးအကြီးအကျယ် လောင်ခဲ့ရာ ဖိုးကိုတို့ အိမ်လေးလည်း မီးထဲပါသွားခဲ့သည်။ ဤတွင် မီးဘေးရှောင်သည့် ဘုန်းကြီးကျောင်းတွင် ထမင်းဘူးများ လာဝေရာ ကြက်သားဟင်း၊ ငါးဟင်းများ ပါသောကြောင့် ဖိုးကို၏ကလေးများ ပျော်ရွှင်နေကြသည်။ ဖိုးကိုနှင့်မြနုကမူ မီးဘေးသင့်များကိုပေးမည့် လယ်မြေကွက်များကို စိတ်ကူးထဲပုံဖော်ကြည့်ရင်း မျက်ရည်ကျမိပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားပါသည်။

ဦးတည်ချက်မှာ မီးဘေးအန္တရာယ်သည် ရန်သူမျိုးငါးပါးတွင် ပါသည့်အတွက် ဂရုပြုသင့်ပုံနှင့် အန္တရာယ်ဆိုသော်ငြား သူများပူမှုဝမ်းအေးရသည့်ဘဝများလည်းရှိကြောင်း တင်ပြလိုရင်းဖြစ်ပါသည်။

## ၅။ သမိုင်းဦး ဝေဒနာဝတ္ထုတို ဇာတ်လမ်းအကျဉ်းနှင့် ဦးတည်ချက်

ထွေးမောင်ဇာတိသည် ပခုက္ကူရှိ ရွာတစ်ရွာဖြစ်သည်။ ကျောင်းထွက်ပြီး မန္တလေးသို့တက်ကာ ဒေးဝန်းရပ်တွင် နေထိုင်ပြီး ကားဂိတ်များတွင် မုန့်စုံလိုက်ရောင်းသည့်အလုပ်ကို လုပ်ခဲ့သည်။ ထွေးမောင် ဈေးရောင်းရင်း မိုးရိပ်များမြင်၍ အိမ်တွင်ကျန်ခဲ့သည့် သွေးနုနုနှင့် ဇနီးသည်ထံစိုးရိမ်ကာ အပြေးပြန်ခဲ့သည်။ ထို့နောက် နုရီနှင့်ထွေးမောင် တွေ့ဆုံခဲ့ပုံများကို ထွေးမောင်ပြန်သတိရမိသည်။ ထွေးမောင်သည် မြို့ရောက်ပြီး ၃ နှစ်အကြာ ရတနာ့ဂူပွဲတွင် နုရီနှင့်တွေ့ခဲ့သည်။ နုရီသည် မြင်းညိုဆေးလိပ်ခုံမှ ဆေးလိပ်သမတစ်ဦးဖြစ်သည်။ နုရီကိုဆေးလိပ်လိပ် သင်ပေးသူ အပျိုကြီးမအုန်း၏ ကျေးဇူးဖြင့် ထွေးမောင်နှင့်နုရီ ချစ်သူဖြစ်ခဲ့သည်။ ထွေးမောင်နှင့် နုရီသည်ချိန်းတွေ့ရာမှ လူမိသွားပြီး ဝါကျွတ်တွင် လူကြီးစုံရာနှင့် မင်္ဂလာဆွမ်းကျွေးခဲ့သည်။ ထွေးမောင်သည် နုရီတို့ရောက်ပြီး မကြာမီနုရီဖခင်ဆုံးသည်။ ထွေးမောင် ရောက်ပြီးနောက် မိုးမလုံသောနုရီတို့ အိမ်ခေါင်ကို မိုးနိုင်ဖို့ ကြိုးစားခဲ့သော်လည်း ဒီတစ်သက် မိုးနိုင်ဖို့ မလွယ်ဘူးဟုသာ ခပ်ရွတ်ရွတ် ပြန်ဖြေဖူးသည်များကို သတိရမိသည်။ ဈေးရောင်းပြန်လာသော ထွေးမောင်ကို နုရီကမိုးရွာတော့မည့်အကြောင်းပြောရာ ထွေးမောင်က ကုတင်ပေါ်တွင် ပေါင်းမိုးတစ်ခု အမြန်လုပ်လိုက်ရပုံ၊ ငယ်စဥ်က လှည်းပေါင်းမိုးပေါ် ချိန်းတွေ့စဥ် လူမိသွားပုံနှင့် ကမ္ဘာဦးလူများ အိမ်နှင့်ရာနှင့် နေထိုင်တတ်အောင် ဘယ်သူက စသင်ပေးလိုက်သလဲဟု တွေးမိပုံဖြင့် ဇာတ်လမ်းကို အဆုံးသတ်ထားပါသည်။

ဦးတည်ချက်မှာ နေစရာအတွက် ပူပန်နေရသည့် အခြေခံလူတန်းစားတို့၏ ဘဝကိုသိရှိစေလိုခြင်းဖြစ်ပါသည်။

## စာပေလေ့လာဆန်းစစ်ချက်

ဤအခန်းတွင် မိမိလေ့လာထားသည့် စာတမ်းကို အထောက်အကူပြုစေသည့် စာအုပ်စာတမ်းများနှင့် ကျမ်းများကို လေ့လာတင်ပြမည်ဖြစ်ပါသည်။

မောင်ခင်မင်(ဓနုဖြူ)(၂၀၀၉)၏ စကားပြေသဘောတရား စကားပြေအတတ်ပညာ စာအုပ်တွင် နိဂုံးချုပ်ရာ၌ လိုအပ်သောအချက်ကို ရှင်းလင်းတင်ပြထားသည့်အပိုင်းများ ပါဝင်သည့်အတွက် ဤစာတမ်းအတွက်များစွာ အသုံးဝင်ပါသည်။

ဦးမြင့်ကြည်(၂၀၁၁)၏ စာပေနှင့်ဂီတ ဂီတနှင့်စာပေစာအုပ်တွင် ဝတ္ထုဆိုင်ရာ နိဒါန်း၊ နိဂုံး ရေးသားပုံများနှင့် သုံးသပ်ချက်ဆိုင်ရာများကို အသေးစိတ် ရှင်းလင်းဖော်ပြထားပါသည်။ ထို့ကြောင့် ဤစာတမ်းအတွက် အထောက်အကူပြုသော စာအုပ်ဖြစ်ပါသည်။

သူရိယကန္တိ(၂၀၁၆)၏ ဝတ္ထုရေးလိုသော် စာအုပ်တွင် ဝတ္ထုအဆုံးသတ်ပုံအရေးကြီးကြောင်းကို တင်ပြထားပါသည်။ ဝတ္ထုအဆုံးသတ်ပုံနှင့်ပတ်သက်၍ ဤစာတမ်းအတွက် အထောက်အကူပြုပြီး အသုံးဝင်ပါသည်။

၂၀၀၇ ခုနှစ်တွင် ပါရဂူဘွဲ့အတွက် မသီတာအေး တင်သွင်းသော "**သော်တာဆွေ၏ စာပေဆုရ ဝတ္ထုတိုများမှ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ"**ကျမ်းသည် ဇာတ်လမ်းဖန်တီးမှု၊ ဇာတ်ဆောင်ဖန်တီးမှု၊ နောက်ခံဝန်းကျင်ဖန်တီးမှုတို့ကို လေ့လာတင်ပြထားရာ မိမိစာတမ်းအတွက် လိုအပ်သောတစ်စိတ် တစ်ဒေသကို လေ့လာနိုင်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ပါရဂူဘွဲ့အတွက် မခင်အုန်းမြင့်တင်သွင်းသော "**ဖေမြင့်၏ ဝတ္ထုတိုများမှ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ**"ကျမ်းသည် ဇာတ်ဆောင်ဖန်တီးမှု၊ ဇာတ်လမ်းဖန်တီးမှု၊ နောက်ခံဝန်း ကျင်ဖန်တီးမှုတို့ကို အတတ်ပညာများနှင့် ခွဲခြားလေ့လာတင်ပြထားသည့်အတွက် မိမိစာတမ်းအတွက် လိုအပ်သော အချက်အလက် တစ်စိတ်တစ်ပိုင်း အထောက်အကူဖြစ်စေပါသည်။

၂၀၁၂ ခုနှစ်တွင် ပါရဂူဘွဲ့အတွက် ရန်ကုန်တက္ကသိုလ်တွင် မမီမီဝင်းမြ တင်သွင်းသော "**မစန္ဒာ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ**" ကျမ်းသည် မစန္ဒာ၏ ဝတ္ထုတို(၁၄)ပုဒ်ကို ဝတ္ထုတို အမျိုးအစားများ ခွဲခြား တင်ပြထားသည်။ လူ့လောက၊ လူ့ဘဝတွင် သိမြင်ခံစားတွေးခေါ် ဆင်ခြင်သင့်သည့်အကြောင်းအရာများ ကိုစာဖတ်သူရင်ထဲတွင် စွဲကျန်ရစ်စေသည့် စာရေးသူ၏ ဝတ္ထုတိုဖန်တီးမှု အတတ်ပညာကို လေ့လာ ခွင့်ရခဲ့ပါသည်။

ဖော်ပြပါ စာအုပ်စာတမ်းများ၊ ပါရဂူကျမ်းများတွင်ပါသော အချက်အလက်များ၊ သဘောတရား များကို နည်းမှီ၍ မိမိလေ့လာသော စာတမ်းနှင့်သက်ဆိုင်သော အချက်များကို စုဆောင်းကာကိုချစ်၏ ဝတ္ထုတို(၅)ပုဒ် နိဂုံးပိုင်းကို လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

## နည်းနာ

ဤစာတမ်းသည် ကိုချစ်၏ဝတ္ထုတို(၅)ပုဒ်နိဂုံးပိုင်းကို လေ့လာထားသောစာတမ်း ဖြစ်ပါသည်။ ဤစာတမ်းတွင် အသုံးပြုမည့် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာများကို လေ့လာတင်ပြ ပါမည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ဤစာတမ်းတွင် ဝတ္ထုနိဂုံး၌ အာဘော်ကို ဖော်ဆောင်နိုင်သော ဝတ္ထုတို(၅)ပုဒ်ကိုသာ လေ့လာ တင်ပြမည်ဖြစ်သည်။ ရသစာပေဖြစ်သော ဝတ္ထုတိုများကို ဇာတ်လမ်း၊ ဇာတ်ဆောင်များဖြင့် ဦးတည်ချက် ရောက်အောင် ဖန်တီးပုံဖော်ရပါသည်။ စာရေးသူသည် မိမိပတ်ဝန်းကျင်လောကရှိ ဖြစ်ပျက်နေသော အဖြစ်အပျက်များ၊ အကြောင်းအရာများကို ဝတ္ထုတွင်အာဘော်အဖြစ် ထင်ဟပ်ရေးသားလေ့ရှိသည်။

စာရေးသူသည် ထိုအဖြစ်အပျက်၊ အကြောင်းအရာများကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဇာတ်လမ်းဆင်ကာ အာဘော်ကို ဆက်စပ်တင်ပြလေ့ရှိသည်။ ထိုဇာတ်လမ်းတွင် ဝတ္ထုအဆုံးသတ်၌ စာဖတ်သူအား ကျေနပ်နှစ်သက်မှု ဖြစ်စေခြင်း၊ တွေးစရာပေးနိုင်ခြင်းတို့ ရှိမရှိကိုသိရှိစေရန် ဤစာတမ်းကို ပြုစုရခြင်းဖြစ်ပါသည်။ ဤစာတမ်းတွင် ကိုချစ်၏ဝတ္ထုတို(၅)ပုဒ်တွင် ဝတ္ထုလေ့လာမှုတွင် အရေးကြီးသော အဆုံးသတ်ဖြစ်စေရန် ဇာတ်လမ်းဆင်ထားပုံများကို နိဂုံးပိုင်းဆိုင်ရာနည်းများဖြင့် ချဉ်းကပ်လေ့လာတင်ပြထားပါသည်။

## သုတေသနနည်းနာ

ဤစာတမ်းတွင် ဝတ္ထုတိုများ၏ ဝတ္ထုနိဂုံးဆိုင်ရာနည်းများဖြင့် ချဉ်းကပ်လေ့လာတင်ပြထားသည်။ အခြေခံသုတေသနအမျိုးအစား ဖြစ်ပါသည်။ အခြေခံသုတေသနကို ဒေါက်တာအောင်မြင့်ဦး (၂၀၁၈) က သုတေသနဟူသည်စာအုပ်တွင် "**အခြေခံသုသေတနသည် အခြေခံအားဖြင့် အတွေးသစ်၊ အမြင်သစ်၊ အသိပညာတစ်ရပ်ရပ် တိုးပွားစေရန်အတွက် ပြုလုပ်သော သုတေသနအမျိုးအစားဖြစ်သည်။**"(စာ ၅၅) ဟု ဖော်ပြထားပါသည်။ သုတေသနနည်းနာအနေဖြင့်ရှိပြီး အချက်အလက်များအပေါ်အခြေပြုလေ့လာခြင်းကို အသုံးပြုထားပါသည်။ သုတေသနဒီဇိုင်းအနေဖြင့် ဖြစ်ရပ်တစ်ခုမှုတည်လေ့လာသည့်နည်းကို အသုံးပြုထားပါသည်။ ဤစာတမ်းတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနဆိုင်ရာနည်းနာများကို အသုံးပြုကာ ဝတ္ထုတိုများတွင် အဆုံးသတ်ပုံ အရေးကြီးကြောင်းကို ဖော်ထုတ်တင်ပြထားပါသည်။

## လေ့လာတွေ့ရှိချက်

ဤစာတမ်းတွင် ကိုချစ်၏ဝတ္ထုတို(၅)ပုဒ်ဖြစ်သည့် "သူငယ်နာ"၊ "ကျွဲရိုင်း"၊ "ရွှယ်လွန်းအတ္တကြိုးဝိုင်း"၊ "တံလှပ်တောအလယ်"၊ "သမိုင်းဦးဝေဒနာ"တို့ကို နိဂုံးပိုင်းဆိုင်ရာနည်းနာများနှင့် ချဉ်းကပ်ကာ လေ့လာတင်ပြထားပါသည်။

## သူငယ်နာဝတ္ထုတိုနိဂုံးပိုင်းလေ့လာချက်

သူငယ်နာဝတ္ထုတိုသည် ကလေးအလုပ်သမားအကြောင်းကို အခြေခံကာ ဖိုးထီကို ဇာတ်ကောင်ပြုပြီး ပညာသင်လိုသောကလေးများ စီးပွားရေးအဆင်မပြေမှုကြောင့် လမ်းဘေးရောက်ရပုံကို တင်ပြထားသော ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုတွင် အဓိကဇာတ်ဆောင်ဖိုးထီသည် ပညာသင်ချင်သော်လည်း ပညာသင်ခွင့်မရဘဲ လမ်းဘေးရောက်ရသည့် ကလေးများကို ကိုယ်စားပြုထားသည့် ဇာတ်ဆောင်ဖြစ်သည်။ ဇာတ်လမ်းတွင် ဖိုးထီတို့ရွာတွင် မိုးခေါင်ရေရှားမှုဖြစ်ကာ နွားစာရှားပါးသဖြင့် နွားများရောင်းလိုက်ရသည်။ ကျောင်းစရာ နွားများမရှိတော့သော်လည်း ကျောင်းတက်ခွင့်မရဘဲ ဖိုးထီသည် မန္တလေးမြို့သို့ တက်ကာ လက်ဖက်ရည်ဆိုင်တွင် စားပွဲထိုးလုပ်ခဲ့ရသည်။ ပထမတစ်ဆိုင်တွင် အချိုစုံပန်းကန်ကျကွဲမှုကြောင့်ဆိုင်ရှင်၏ ဆဲရေးတိုင်းထွာမှု၊ တီးဆရာ၏ အနိုင်ကျင့်မှုတို့ကြောင့် ဖိုးထီအလျော်ပေးကာ အလုပ်ထွက်ခဲ့ရသည်။ ဒုတိယဆိုင်တွင်မူ စားပွဲထိုးလုဆောင်၊ ဆိုင်ရှင်သား မိုးဝင်းကျော်တို့နှင့် သူငယ်ချင်းဖြစ်ခွင့်ရကာ ကျောင်းတက်ရန် မျှော်လင့်ချက်များဖြင့် ဖိုးထီပိုက်ဆံစုခဲ့သည်။ သို့သော် ထိုဆိုင်တွင် ဖိုးထီ

ကြမ္မာဆိုးဝင်ခဲ့သည်။ ဆိုင်ရှင်သား မိုးဝင်းကျော် ယူထားသော မာလဘို နှစ်တောင့်ကို ဖိုးထီ ခိုးယူသည်ဟု စွပ်စွဲကာ အလုပ်ထုတ်ခဲ့ကြသည်။ ဤနေရာတွင် ဖိုးထီသည် မာလဘို နှစ်တောင့်ကို ယူထားသူမှာ မိုးဝင်းကျော် မှန်းသိသည်။ သို့သော်မိမိကအဖြစ်မှန်ကို ထုတ်ပြောလျှင် မိုးဝင်းကျော် အရိုက်ခံရမည် စိုးသောကြောင့် အကြောင်းစုံကို မရှင်းပြတော့ဘဲ ထိုဆိုင်မှအလုပ်ထွက်ခဲ့သည်။ ထိုအဖြစ်အပျက် အလုံးစုံကို သိသော လှဆောင်သည်လည်း ဖိုးထီနှင့်အတူ အလုပ် ထွက်ခဲ့ သည်။ ဝတ္ထုဆုံးကာနီးတွင် "**မင်းငါ့ဆိုင်မှာ ဆက်လုပ်ဖို့ မလိုတော့ဘူး"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၀) ဟူသော ဆိုင်ရှင်၏ အပြောစကားဖြင့် အကြိုနိဂုံးကိုတွေ့ရပါသည်။ ဤနေရာတွင် မိမိသားသမီး၏အခြေအနေ မှန်ကိုမသိဘဲ အပြစ်မရှိသော သူအား စိတ်လိုက်မာန်ပါ ပြုမူခဲ့သော လူတစ်ချို့၏ စိတ်နေသဘာဝကို မိုးဝင်းကျော်ဖခင်၏ အပြောစကားဖြင့် ဖော်ဆောင်နိုင်ခဲ့သည်။ ငွေကြေးပြည့်စုံမှုရှိသော်လည်း စာနာမှုအားနည်းသော၊ စူးစမ်းဆင်ခြင်မှု မရှိသော၊ အမှန်ကိုမမြင်နိုင်၊ မတွေးခေါ်နိုင်သော လူတို့၏နိမ့်ကျသော စိတ်ဓာတ်နှင့် ဆင်းရဲသော်လည်း စာနာမှုအားကောင်းသော၊ အနစ်နာခံတတ်သော ကလေးငယ်တစ်ဦး၏ မြင့်မြတ်သော စိတ်ဓာတ်တို့ကို နှိုင်းယှဉ်တင်ပြထားသည်။

ထို့ပြင် သားသမီးတို့၏ ဘဝကို ထုဆစ်ရာတွင် မိဘတို့သည် အခရာဖြစ်ပုံကို ဤဝတ္ထု၏ နိဂုံးပိုင်းတွင် တွေ့ရပါသည်။ ပညာသင်ခွင့်ရသော်လည်း ပညာကိုကြိုးစားသင်ယူခြင်းမရှိသော ကလေးတို့၏သဘာဝကို ဇာတ်ဆောင်မိုးဝင်းကျော်နှင့်ပြခဲ့သည်။ မိမိသားသမီးတို့ ပညာအပေါ်တွင် စိတ်ဝင်စားမှုရှိ မရှိကို သေချာမကြပ်မတ်ခဲ့သော မိဘတစ်ချို့၏ အားနည်းချက်နှင့် လုပ်ရပ်ကို စီးပွားရေးသမားဇာတ်ဆောင် ဦးလှအောင်၏ အပြောအဆို၊ အပြုအမူများနှင့် ပြခဲ့သည်။ ထို့အတူ တစ်ဖက်တွင် ပညာကိုအမှန်တကယ်လိုလားနေကြသော ကလေးတို့၏ဘဝကို လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်ရင်း ငွေစုကာ ကျောင်းပြန်တက်ရန် ကြိုးစားနေသော ဇာတ်ဆောင်ဖိုးထီနှင့် လှဆောင်တို့၏အဖြစ်နှင့် ပုံဖော်ခဲ့ပါသည်။ ထိုကလေးငယ်တို့၏ ဖြစ်ချင်သည့်ဆန္ဒကို မသိသော၊ လျစ်လျူရှုသောမိဘတို့ကြောင့် နောက်ဆုံးတွင် ကလေးငယ်တို့ လမ်းဘေးရောက်ကြရပုံကို ဝတ္ထု၏ နိဂုံးတွင်

**အဘ.....**

**အခု ကျုပ်တို့နှစ်ယောက်လမ်းပေါ် ရောက်နေပြီ"**

**ရွာပြန်ခဲ့ရမလား၊ မဖြစ်သေးပါဘူး၊ ရွာက ဘာမှ အလုပ်မဖြစ်ဘူး။**

**ကဲ..... ဘယ်ဆက်သွားရမှာလဲ၊ ဘာဆက်လုပ်ကြမှာလဲ**"(ကိုချစ်၊ ၂၀၁၄၊ စာ ၁၀)

ဟူသောဇာတ်ဆောင်ဖိုးထီ၏ ပြောစကားဖြင့် အဆုံးသတ်ထားပါသည်။ ဝတ္ထုဆုံးသွားသော်လည်း လောကရှိ မိဘတိုင်းနှင့် လူ့အဖွဲ့အစည်းကို စဉ်းစားစရာ၊ တွေးတောစရာ၊ ဆင်ခြင်စရာများ ပေးထားခဲ့သော သေသပ်လှပသည့် နိဂုံးဖြစ်ပါသည်။ မိဘတိုင်းသည် မိမိတို့၏ သားသမီးများ၏ အိပ်မက်များကို လှပစွာ မက်ခွင့်ပေးရမည်ဖြစ်သည်။ ကလေးငယ်များအတွက် ပညာသင်ကြားရမည့် အရွယ်တွင် ပညာသင်ခွင့်ပေးကြရန်၊ ပညာသင်ခွင့်ရရေး ကြိုးစားပေးရန်လိုကြောင်းနှင့် ပညာသင်ပေးရန် အထူးလိုအပ်သည်။ ပညာသင်ခွင့်ရသော ကလေးများကိုလည်း မိဘများက စီးပွားရေးကြိုးစားလုပ်ကာ ပစ်မထားဘဲ

ကြပ်ကြပ်မတ်မတ်နှင့် တိုးတက်အောင် လုပ်ဆောင်ပေးသင့်ကြောင်း လမ်းညွှန်ပေးထားပါသည်။ မိဘတိုင်းက သားသမီးများကို ပွဲကိုင်မပေးနိုင်လျှင် ကလေးငယ်တို့ဘဝ လမ်းဘေးရောက်ရပုံတို့ကိုလည်း ဆင်ခြင်ဖွယ်တွေ့ရပါသည်။ စာဖတ်သူများအတွက်လည်း ဆင်ခြင်တွေးတော စရာများကိုပေးထားနိုင်သော၊ ဖြစ်ရပ်တစ်ခုအပေါ်တွေးစရာပေးသည့် အမေးဝါကျဖြင့် အဆုံးသတ်ကောင်းသည့် ဝတ္ထုနိဂုံးဖြစ်ပါသည်။

## ကျွဲရိုင်းဝတ္ထုတိုနိဂုံးပိုင်းလေ့လာချက်

ကျွဲရိုင်းဝတ္ထုတိုသည် သူငယ်ချင်းဖြစ်သူ လက်ဆောင်ပေးထားသည့် ကျွဲရိုင်းဖိနပ်ကလေး တစ်ရန်ကြောင့် အသက်ဆုံးရှုံးခဲ့သည့် ဘုတ်မအကြောင်းကို ရင်နင့်ဖွယ်ရေးသားထားသော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ ဘုတ်မသည် ငယ်ကတည်းက ဖိနပ်မပါဘဲကျောင်းသွားရသည်။ ဖိနပ်စီးခွင့်ရသည့် အခါတွင်လည်း ဖိနစ်တစ်ရန်ကို သဲကြိုးပြောင်းကာ သုံးနှစ်သုံးမိုးစီးခဲ့ရသည်။ ထိုစဉ်သူငယ်ချင်း လှဆောင်သည် အလုပ်ရှင်အိမ်က ရလာသော ကျွဲရိုင်းဖိနပ်လေးကို ဘုတ်မအားပေးပုံ၊ ဘုတ်မကအမေ့ကိုပင် ထိုဖိနပ်ကလေးအား ပေးမစီးမိပုံ၊ နောက်ဆုံး မန်ကျည်းရွက် တက်ခူးရင် ကျွဲရိုင်းဖိနပ်လေးကြောင့် ကံဆိုးမိုးမှောင်ကျကာ ဘုတ်မအသက်ဆုံးရှုံးသည်ထိ ဖြစ်ရပုံတို့ကို တစ်ကွက်ပြီးတစ်ကွက် တင်ပြခဲ့ပါသည်။

ထိုဝတ္ထု၏ နိဂုံးပိုင်းတွင် စာရေးသူသည် ရင်နင့်ဖွယ်မြင်ကွင်းကိုတင်ပြရင်း စာဖတ်သူကို ဖမ်းစားနိုင်ခဲ့သည်။ စာဖတ်သူများကို ကရုဏာရသအများဆုံးပေးသော နိဂုံးပိုင်းဖြစ်သည်။ ဝတ္ထုအဆုံးတွင် ဘုတ်မ၏ ကျွဲရိုင်းဖိနပ်လေးကို မန်ကျည်းပင်အောက်ရှိ ခွေးများက ဝိုင်းဆွဲနေရာကို မန်ကျည်းပင်ပေါ်မှ လှမ်းမောင်းရင်း သူကိုယ်တိုင် မန်ကျည်းပင်ပေါ်မှ ပြုတ်ကျခဲ့ရသည်။ ဝတ္ထုတွင် **“အ…မေ….ရယ် ဟုသာ လေးတွဲ့စွာခေါ်နိုင်တော့သည်။ မျက်ရည်ပူတို့စီးကျလာသောကြောင့် အမြင်အာရုံတို့က ပို၍ဝါးလားသည်။ နောက်တစ်ကြိမ် အားယူလိုက်ပြီး”**(ကိုချစ်၊ ၂၀၁၄၊ စာ ၅၇)ဟု ဖိနပ်ကလေးအတွက် အသက်ပေးရသည့် ဘုတ်မ၏ “အမေ”ဟု ခေါ်သံကို စာဖတ်သူတို့ ရင်နင့်ဖွယ် ကြားရသည့် ကြေကွယ်ဖွယ်မြင်ရသည့် အကြိုနိဂုံးဖြစ်သည်။ နောက်ဆုံးတွင် ဘုတ်မတစ်ယောက်**“အမေ့ကို…. ပေးစီးခဲ့…မိရင် ဟူသော စကားမဆုံးမီ ဘုတ်မ ဇာတ်ကျိုးကျသွားသည်။ ပါးစပ်ထဲမှ ပွက်ခနဲ သွေးများ အန်ကျလာသည်။”**(ကိုချစ်၊ ၂၀၁၄၊ စာ ၅၇)ဟုလည်းကောင်း၊ **“ဒေါ်စိန်ဥမှာ သမီးရေဟု တစ်ခွန်းသာအော်ပြီး သတိလစ်သွားသည်။ အေးဆောင် မျက်လုံးအိမ်မှ မျက်ရည်ပူများသည် ဘုတ်မ၏ပါးပြင်ပေါ်သို့ တစ်ပေါက်ပေါက် ကျလျက်”** (ကိုချစ်၊ ၂၀၁၄၊ စာ ၅၇)ဟူ၍ ဝတ္ထုတိုကို နိဂုံးချုပ်ထားပါသည်။ စာဖတ်သူ ရင်ထဲတွင် ထိုမြင်ကွင်းကို စာရေးသူ၏ တိုက်ရိုက်ဖော်ပြချက်မှတစ်ဆင့် စိတ်မျက်စိထဲတွင် မြင်ယောင်လာစေသည့် သရုပ်ဖော်နိဂုံးဖြစ်ပါသည်။ ထိုမြင်ကွင်းကို သရုပ်ဖော်ရာတွင် ဘုတ်မ မန်ကျည်းပင်ပေါ်မှ ပြုတ်ကျပုံ၊ ဘုတ်မ၏ **“အမေ့”** ဟု ခေါ်သံ၊ ဒေါ်စိန်ဥ၏ **“သမီးရေ”**ဟု ထူးသံ၊ အေးဆောင်၏ မျက်ရည်ကျနေပုံ မြင်ကွင်းများကို စီကာစဉ်ကာမြင်ယောင် ကြားယောင်လာပြီး စာဖတ်သူအား ကရုဏာရသကို အပြည့်အဝပေးစွမ်းနိုင်သော ရင်နင့်စရာအဖြစ်အပျက်ကိုဖော်ပြကာ အဆုံးသတ်ထားသော နိဂုံးပင်ဖြစ်ပါသည်။

ကျွဲရိုင်းဝတ္ထုတွင် စာရေးသူက ဖိနပ်ကလေးတစ်ရန်ပင် စီးစရာမရှိသော အခြေခံလူဆင်းရဲ တို့၏ဘဝကိုရင်နင့်ဖွယ် ပုံဖော်ခဲ့ခြင်းဖြစ်ပါသည်။ ဇာတ်ဆောင်ဘုတ်မသည် ငယ်ဘဝကတည်းကပင် ဖိနပ်

တစ်ခါမှမစီးခဲ့ရပုံ၊ ဆယ့်နှစ်နှစ်အရွယ်သို့ရောက်မှ ရာဘာဖိနပ်ကလေးတစ်ရန်သာစီးခဲ့ရပုံ၊ ထိုရာဘာဖိနပ်ကလေးကို သုံးနှစ်တိုင် သည်းကြိုးလဲ၍ စီးခဲ့ရပုံတို့ကို တစ်ကွက်ပြီးတစ်ကွက်ပြခဲ့သည်။ ထို့နောက် သူငယ်ချင်း အေးဆောင်ပေးခဲ့သော ကျွဲရိုင်းဖိနပ်ကလေးကို ရပြီးနောက် ဖိနပ်ကလေးကိုင်ကာ ဘုရားသွားခဲ့ရသည်ဟု အိပ်မက်မြင်မက်ခဲ့ရပုံ၊ မနက်မိုးမြန်မြန်လင်းစေချင်ပုံတို့မှာ ဝတ္ထု၏ နိဂုံးတွင်ပြမည့် ရင်နင့်ဖွယ်ကြိုတင်နိမိတ်ပြကွက်ဖြစ်ခဲ့သည်။ အမေဥပုသ်သီလယူသွားခါနီး ဖိနပ်ကလေးစီးရန် စိတ်ကူးမိသော်လည်း ပေးမစီးဖြစ်ခဲ့ပုံ၊ ဖိနပ်အတွက် မန်ကျည်းပင်ပေါ်မှ ပြုတ်ကျ သေဆုံးခဲ့ရသည့် အဖြစ်အပျက်ကို နိဂုံးတွင်ရင်နင့်ဖွယ်တွေ့ခဲ့၊ ခံစားခဲ့ရပါသည်။ စာဖတ်သူကို နှစ်သက်ခြင်းနှင့်အတူ ခံစားမှုရသပေးနိုင်သော နိဂုံးကောင်းဟု ဆိုနိုင်ပါသည်။

## ရွယ်လွန်အတ္တကြိုးဝိုင်းဝတ္ထုတို နိဂုံးပိုင်းလေ့လာချက်

ဤဝတ္ထုတိုသည် အရွယ်လွန်နေသည့်တိုင် အတ္တကြောင့် မှားတတ်သော အမှားများနှင့် အမွေကိစ္စကြောင့် မောင်နှမများ စိတ်ဝမ်းကွဲကြသည့်အကြောင်း ရေးသားထားသော ဝတ္ထုဖြစ်သည်။ ဤဝတ္ထု၏ နိဂုံးပိုင်းတွင် စာရေးသူပြောချင်သော လူ့သဘာဝကို ထိထိမိမိတင်ပြထားပါသည်။ ဤဝတ္ထုသည် မိသားစုအတွင်း ဖြစ်လေ့ဖြစ်ထရှိသော အမွေကိစ္စကိုတင်ပြရင်း မျက်မှောက်လောကတွင် ကိုယ့်အတွက်သာ ကြည့်သော အတ္တသမားများရှိတတ်ပုံ၊ ထိုအတ္တသမားများနှင့် တွေ့တတ်ပုံတို့ကို ထောက်ပြထားသော ဝတ္ထုတစ်ပုဒ်လည်းဖြစ်ပါသည်။ မောင်နှမချင်းပင်ဖြစ်စေ မိမိအတ္တအတွက် အကွက်ကျကျ အသုံးချတတ်သောလူများကိုလည်း ဤဝတ္ထုမှတစ်ဆင့် တွေ့မြင်နိုင်ပါသည်။ ထို့ပြင်နောက်ကျောခေါနှင့် ထိုးတတ်သော လူ့သဘောလူ့သဘာဝတို့ကိုလည်း ပီပြင်စွာဖော်ပြထားနိုင်သော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။

ဝတ္ထုအကြိုနိဂုံးတွင် ဇာတ်ဆောင်ဒေါ်ခင်မေက အမှုနိုင်ရေးအတွက် သက်သေများရှာနေပုံကို “**ဟုတ်ပြီ ဒါဆိုအဲဒီခုတင်ကို ဓာတ်ပုံရိုက်ပြီးတင်ပြရမယ်**” (ကိုချစ်၊ ၂၀၁၄၊ စာ ၆၉)ဟူသော အပြောစကား၊ “**ပြီးတော့ရှိသေးတယ်၊ အိမ်ကကောင်တွေ မင်္ဂလာဆောင်တိုင်း ဖိတ်စာမှာ ရွှေသိမ်း ဆေးလိပ်ပိုင်ရှင် ဦးဘငြိမ်း ဒေါ်သွဲ့တို့၏ မြေးဆိုတာ ပါတာချည်းပဲ**”(ကိုချစ်၊ ၂၀၁၄၊ စာ ၆၉)ဟူသော အပြောစကားတို့သည် လောကတွင်ရှိသော လူတို့၏အတ္တကို ရှေ့တန်းတင်သော စရိုက်သဘာဝများပင်ဖြစ်သည်။ အမှုနိုင်ရေးအတွက် ကိုယ်စီသက်သေများ ရှာနေသော်လည်း ရိပ်သာတွင်တွေ့သည့်အခါ ဘာမျှမဖြစ် သကဲ့သို့ ဟန်ဆောင်တတ်သောသူများအဖြစ် တွေ့မြင်ရသည်။ တရားခွင်တွင် အလဲထိုးရန်အကြိတ်အနယ် ကြိုးစားနေသော်လည်းရှေ့တွင် လက်ဆွဲနှုတ်ဆက်လေ့ရှိသည့် လူ့စရိုက်များကို အံ့ဩဖွယ်တွေ့မြင်ရသည်။

ထို့နောက်“**အစ်မသားတွေကို မင်္ဂလာဆောင်ဖိတ်စာပြန်ရှာခိုင်းဦး၊ ဒါအရေးကြီးတယ်နော်အစ်မ**” (ကိုချစ်၊ ၂၀၁၄၊ စာ ၆၉)ဟု ဦးရွှေဆန်း၏ အပြောစကားများသည် မောင်နှမချင်းဟူသော အသိစိတ်ပျောက်ကာ အမှုနိုင်ရေးအတွက် အားထုတ်နေသော၊ အတ္တကြီးသော လူတစ်ချို့၏စရိုက်ကို ထင်းခနဲ တွေ့မြင်ရသည်။ ဝတ္ထုအဆုံးသတ်တွင်မူ

> **ဒီလိုနဲ့ ခေတ်ပုံရိုက်ဖို့ကိစ္စ၊ ဖိတ်စာရှာဖို့ကိစ္စများ စီစဉ်ညွှန်ကြားပြီး နောက်တစ်နေ့မှာတော့ ကြီးမေဟာထုံးစံအတိုင်း သုံးရက်လောက်ပျက်ကွက်နေခဲ့တဲ့ ရိပ်သာသို့ သွားဖို့ပြင်တယ်။ သနပ်ခါးခြေဆုံးခေါင်းဆုံး လိမ်းတယ်။ အဝတ်အစား သပ်သပ်ရပ်ရပ်လဲပြီးခြင်းကို ဆွဲထွက်တော့မယ် အလုပ်မှာ သူ့ချွေးမကို လှမ်းအော်မေးလိုက်တယ် “ဟဲ့… ဟင်းကို နှစ်ယောက်စာ ထည့်ရဲ့လား**(ကိုချစ်၊ ၂၀၁၄၊ စာ ၇၀)

ဟုမေးကာ နိဂုံးချုပ်ထားပါသည်။ ဤတွင်အမှုအတွက် တစ်ယောက်နှင့်တစ်ယောက် အနိုင်ရရန်ကြိုးစားနေကြသော်လည်း လူချင်းတွေ့လျှင် ကောင်းချင်ယောင်ဆောင်ကာ ဟန်ဆောင်တတ်သောလူ့သဘာဝကို နိဂုံး၌ပီပီပြင်ပြင် တွေ့ရသည်။ စာရေးသူ၏ ဝတ္ထုဇာတ်လမ်းဆုံးသော်လည်း စာဖတ်သူများကို ဆင်ခြင်တွေးတောစရာများ ပေးစွမ်းနိုင်သော နိဂုံးတစ်ခုဖြစ်ပါသည်။ အတ္တ၏ဆိုးကျိုးနှင့်မကောင်းမှုများကို ဆင်ခြင်သိဖြင့် သိလာစေသည်။ အမွေကိစ္စနှင့် လောဘဒေါသနောက်သို့လိုက်လျှင်မောင်နှမချင်းပင် ဖြစ်သော်လည်း စိတ်ဝမ်းကွဲကာ အဆုံးသတ်တွင် မကောင်းကျိုးများသာ ရတတ်ပုံကိုလည်း သိမြင်ဆင်ခြင်နိုင်စေသည့် ဇာတ်ဆောင်လှုပ်ရှားမှု၊ အပြောစကားဖြင့်အဆုံးသတ်ထားသည့်နိဂုံးကောင်း သည့် ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။

**တံလှပ်တောအလယ်မှာဝတ္ထုတို နိဂုံးပိုင်းလေ့လာချက်**

တံလှပ်တောအလယ်မှာ ဝတ္ထုတိုသည် အခြေခံလူတန်းစားတို့၏ အကြောင်းကို ရေခဲချောင်းသည်ဖိုးကိုအား ကိုယ်စားပြုပြီး ဝမ်းရေးအတွက် ရုန်းကန်ကာ ကံအပြောင်းအလဲကို မျှော်လင့်ရင်း အသက်ရှင်ကြပုံကို တင်ပြထားသောဝတ္ထုဖြစ်သည်။ ထိုဝတ္ထုတွင် အဓိကဇာတ်ဆောင် ဖိုးကိုသည် ဇနီးမြနုနှင့်လူမမယ်သားသုံးယောက်အတွက် ဝမ်းရေးရုန်းကန်နေရသော ရေခဲချောင်းသည်တစ်ဦးဖြစ်သည်။ နွေနေပူကိုအံတုရင်း သားသုံးယောက်နှင့် ဇနီးမြနုတို့ ဝမ်းမီးငြိမ်းရေးအတွက် ကြိုးစားနေသူလည်းဖြစ်သည်။ ပူပြင်းသော်လည်း ဘဝတူများနှင့်အတူ အလုပ်ကြိုးစားသည်။ ဘဝတူသောင်းမြိုင်၏ ပြောစကားအတိုင်းသူများပူမှ ကိုယ်ဝမ်းအေးသည့်ဘဝများဖြစ်သည်။ ဖိုးကိုရေခဲချောင်း ရောင်းပြန်လာတိုင်း **“အဖေလာပြီဟေ့”** ဟူသော အော်သံများက အေးမြစွာကြိုတတ်သည်။ ပြန်လာတိုင်းလည်း လက်ကျန်ရေခဲချောင်းအကြေများကို သားသုံးယောက်ကို ခွဲဝေကျွေးရသည်မှာဖိုးကို၏ တစ်နေ့တာကြည်နူးစရာ အလုပ်ပင်ဖြစ်သည်။ ထိုစဉ်အိမ်လခများမပေးနိုင်၍ အခြားနေရာရှာရန် ပြောလာသော အိမ်ရှင်ဒေါ်အေးရင်၏မျက်နှာသည် ဖိုးကိုမျက်လုံးထဲတွင် ပေါ်လာသည်။ မိသားစု၏ထောက်တိုင် ဖိုးကိုအတွက် အိမ်လခပေးနိုင်ရေးနှင့် အိမ်ပေါ်မှ မဆင်းရရေးသည် အခြားအရေးများထက် ပိုအရေးကြီးသည်။ တာဝန်ယူစိတ်ရှိပုံနှင့်ရှင်သန်နိုင်ရဲပုံကို စာဖတ်သူများနှင့် အိမ်ထောင်ဦးစီးတိုင်းလိုလို သတိထားနိုင်စေရန် ဖိုးကိုလုပ်ရပ်ဖြင့်ပြခဲ့သည်။ ဆင်းရဲသော်လည်း မိသားစုအပေါ် တာဝန်ကျေသော ဖိုးကို၏စိတ်ဓာတ်မှာလေးစားအတုယူစရာဖြစ်သည်။ ထို့နောက် ဖိုးကိုတို့ မိသားစုထမင်းဝိုင်းလေးတွင် ပကာသနမဖက်သည့်ဖွယ်ဖွယ်ရာရာ ဟင်းသုံးခွက်ပါသည်။ အသားဟင်းမပါသော်လည်း မိသားစုစုံစုံညီညီနှင့် ထမင်းဝိုင်းဖွဲ့စားကြသည့် ပုံရိပ်သည် စာဖတ်သူ စိတ်မျက်စိတွင် မြင်ယောင်ရင်း ကြည်နူးဖွယ်ဖြစ်လာသည်။ သို့သော်ထမင်းစားရာတွင် ကြက်သားဟင်းနှင့်သာ စားချင်သော အငယ်ဆုံးသား ထွန်းထွန်းကြောင့် ထမင်းဝိုင်း

လေးမှာတိတ်တိတ် ဆိတ်ဆိတ် ခြောက်ခြောက်သွေ့သွေ့နှင့် အဆုံးသတ်ခဲ့ရပုံကို ရင်နင့်ဖွယ်တင်ပြနိုင်ခဲ့သည်။ တစ်ရက် တွင် ဖိုးကိုတို့ နေထိုင်ရာ မန္တလေးမြို့ရှိ ဦးကျားကြီးဝင်းကစကာ မီးလောင်မှုဖြစ်ခဲ့သည်။ ဖိုးကိုအတွက် မိမိထက် သားသုံးယောက်နှင့် မြနုအားဘေးလွတ်ရာကို ပို့နိုင်ရန်မှာ အကြီးမားဆုံးသော မျှော်လင့်ချက် ဖြစ်ခဲ့သည်။ ဖခင်တစ်ဦး၏မေတ္တာနှင့် ငွေကြေးမပြည့်စုံသော်လည်း တာဝန်ကျေလွန်းသည့် အိမ်ထောင် ဦးစီးတစ်ယောက်၏ မေတ္တာကို အထင်အရှား တွေ့မြင်နိုင်သည်။ ဖိုးကိုသည် ကလေးသုံးယောက်အား မြနုကို ခေါ်စေပြီး သူကမူ လိုအပ်သည်များ ထုပ်ပိုးထားသည့် အထုပ် နှစ်ထုပ်ကို ဘယ်ညာထမ်းကာ မီးဘေးရှောင်ရာ ဗောဓိကုန်းရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ထွက်ပြေးခဲ့ရသည်။ ဖိုးကိုသည် လမ်းမပေါ်တွင် မီးဘေးသင့်သူတို့၏ ဒုက္ခစကားသံများကို နားထောင်ရင်း မိမိအတွက် အသက်မွေးဝမ်းကြောင်းရာတွင် အဓိကကျသည့် ကြေးခေါင်းလောင်းလေးကျန်ခဲ့သည်ကို **"မြနုငါ့ကြေးခေါင်းလောင်းလေး ကျန်ခဲ့ပြီဟာ"**ဟု ဝမ်းနည်းစကားဆိုမိသည်။ ဖိုးကိုတို့မိသားစုသည် မီးဘေးရှောင်ရာ ဘုန်းကြီးကျောင်းသို့ ရောက်ချိန်တွင် သက်ဆိုင်ရာနှင့်ချိတ်ဆက်ကာ မီးဘေးဒုက္ခသည် စာရင်းပေါက်အောင် ဖိုးကိုအဆက်အသွယ်လုပ်ရသည်။ သို့မှသာ မီးသင့်သူများအတွက် မြေကွက်များ ပြန်ရမည်ဟု မျှော်လင့်မိပုံ၊ ထမင်းထုပ် လာဝေမည့်ကုန်တင်ကားကြီးကို မျှော်နေမိပုံများသည် ဒုက္ခ ရောက်ချိန်တွင် နေစရာ စားစရာအတွက် စိတ်ပူနေပုံကို ဇာတ်ဆောင်ဖိုးကို အတွေးနှင့်အတူ စာဖတ်သူ ခံစားမိစေသည်။ ထိုအချိန်တွင် မီးဘေးသင့်များအတွက် ထမင်းထုပ်များဝေချိန်တွင် ဖိုးကိုသည်ထမင်းထုပ် ငါးထုပ်ယူကာ မိမိနေရာသို့ ပြန်လာခဲ့သည်။ နေရာသို့အရောက် ထမင်းထုပ် ဖွင့်လိုက်ချိန်တွင် ကြက်သားဟင်း၊ ငါးဟင်းများကို မြင်ရချိန်တွင် **"ဟေ့ ပွပြီကွ၊ ကြက်တား ကွ ကြက်တား"** (ကိုချစ်၊ ၂၀၁၄၊ စာ ၁၈၄)ဟူသော ဖိုးကို၏ အငယ်ဆုံးသား ထွန်းထွန်း၏ ဝမ်းသာအားရအော်သံကို ကြားရသည့်အခါ စာဖတ်သူသည် ဝမ်းနည်းခြင်းတစ်ဝက် ဝမ်းသာခြင်းတစ်ဝက်ဖြစ်ရသည်။ ထို့ပြင်စာရေးသူသည် ဖိုးကို၏သားအလတ်ကောင်နှင့်အကြီးကောင်တို့၏ **"ငါက ငါးဟင်း၊ ငါလည်း ကြက်သားပဲ၊ အဖေရော ဘာဟင်းလဲ" ဟူသော မေးသံနှင့် အကြီးကောင်က ဖိုးကိုထမင်းထုပ်ကိုပင် ဖြဲကြည့်လိုက်သေးသည်"** (ကိုချစ်၊ ၂၀၁၄၊ စာ ၁၈၅) ဟူသော အပြုအမူတို့သည် ဇာတ်ဆောင်ဖိုးကိုနှင့်အတူ စာဖတ်သူကို ကရုဏာသက်စေသော အကြိုအပိတ်နိဂုံးဖြစ်သည်။ ဝတ္ထုနောက်ဆုံးတွင် **"ဖိုးကိုမျက်စိထဲတွင် သဲဖြူကုန်းမှ ပေလေးဆယ် မြေကွက်ကို မြင်ယောင်နေ၏။ ဖိုးကိုနားထဲတွင် တစ်ခါကသောင်းမြိုင်ပြောခဲ့သော "တို့ကသူများ ပူမှ အေးရတဲ့ဘဝ" ဟူသောစကားသံကို ကြားနေမိသည်"** (ကိုချစ်၊ ၂၀၁၄၊ စာ ၁၈၅) ဟုလည်းကောင်း၊ **"မြနုကတော့ ကလေးသုံးယောက်ကိုကြည့်ရင်း ရင်ထဲတွင်တင်းကြပ်စွာ ခံစားနေမိသည်။ မြနု၏မျက်ဝန်းပေါ်တွင် မျက်ရည်များကဝေ့လာပြီး ပါးပြင်ပေါ်သို့ ပူနွေးစွာစီးကျလာ၏။ စိတ်ထဲမှလည်း ထမင်းထုပ်ရှင်များအတွက် ဆုတောင်းမေတ္တာပို့သနေမိသည်"** (ကိုချစ်၊ ၂၀၁၄၊ စာ ၁၈၅)ဟု လည်းကောင်း အဆုံးသတ်ထားပါသည်။ စာရေးသူသည် ဝတ္ထုအဆုံးသတ်တွင်ဖိုးကိုနှင့် မြနုတို့၏အတွေးများဖြင့် အဆုံးသတ်ထားသည်မှာ စာဖတ်သူများအတွက် စဉ်းစားတွေးတောစရာများနှင့်အတူ ကရုဏာသက်ဖွယ်၊ ရင်နင့်ဖွယ်ဖြစ်စေသော နိဂုံးပိုင်းဖြစ်ခဲ့ပါသည်။

ထိုဝတ္ထုနိဂုံးမှတစ်ဆင့် ကြိုမမြင်နိုင်သော ကံကြမ္မာအပြောင်းအလဲနှင့်ဒုက္ခကြားမှ သုခကို မျှော်လင့်နေကြရသည့်ဘဝများစွာ ရှိကြောင်းကို ဇာတ်ဆောင်များ၏ အတွေးများဖြင့် အဆုံးသတ်ကို

ပီပြင်စွာတင်ပြနိုင်ခဲ့ပါသည်။ ဤဝတ္ထုတိုသည် ဝမ်းရေးအတွက် ရုန်းကန်လှုပ်ရှားရင်း မျှော်လင့်ကောင်းသည့်အရာတို့ကို မျှော်လင့်နေကြရရှာသည့် အခြေခံလူတန်းစားတို့၏ ဘဝကိုသရုပ်ဖော်ထားခြင်းဖြစ်ပါသည်။ အခြေခံလူတန်းစားတို့၏ ဘဝတွင်မီးဘေးသင့်၍ ထမင်းထုပ်လာဝေချိန်၌ ကြက်သားဟင်းကို မြင်ပြီး ဝမ်းသာအားရအော်နေသည့် ကလေးငယ်၏အော်သံနှင့် ဒုက္ခကြားမှ မျှော်လင့်ချက်ထားနေကြသည့် မိဘများ၏ခံစားမှုအတွေးကိုယ်စီကို ပီပီပြင်ပြင်ရင်နင့်ဖွယ်ကြားခဲ့သိခဲ့ရသည့် အပိတ်နိဂုံးဖြစ်ပါသည်။

## သမိုင်းဦး ဝေဒနာဝတ္ထုတိုနိဂုံးပိုင်းလေ့လာချက်

သမိုင်းဦးဝေဒနာဝတ္ထုသည် နေစရာအတွက် ပူပန်နေရသည့် အခြေခံလူတန်းစားတို့အကြောင်းကို ရေးသားထားသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။ ထွေးမောင်သည် ပခုက္ကူရှိရွာတွင် စီးပွားရေး အဆင်မပြေသည့်အတွက် ကျောင်းထွက်ကာ မန္တလေးမြို့သို့တက်ပြီး အလုပ်ရှာခဲ့သည်။ မန္တလေးမြို့တွင် ရွှေခံဆွေမျိုးနီးစပ်တစ်ဦး၏ အကူအညီဖြင့် ထိုးမုန့်လမုန့်ရောင်းသည့် အလုပ်ရခဲ့သည်။ မန္တလေးရောက်ပြီး ၃နှစ်အကြာတွင် ထွေးမောင်နှင့်နုရီ ဆုံတွေ့ခဲ့ကြသည်။ ထွေးမောင်သည် ရတနာ့ဂူပွဲသို့ သွားရင်း နုရီကိုတွေ့မြင်ခဲ့ရာမှ သဘောကျခဲ့ခြင်းဖြစ်သည်။ နုရီသည် မြင်းညိုဆေးလိပ်ခုံတွင် လုပ်ကိုင်သည့် ဆေးလိပ်သမတစ်ဦးဖြစ်သည်။ နုရီကို ဆေးလိပ်လိပ်သင်ပေးသူ အပျိုကြီး ဒေါ်အုန်း၏ အကူအညီဖြင့် ထွေးမောင်နှင့် နုရီချစ်သူဖြစ်ခဲ့သည်။ ထွေးမောင်သည် ဈေးရောင်းသည့်အလုပ်အပြင် နုရီကို ကြိုပို့ရသည့်အလုပ်ပါ တိုးလာခဲ့သည်။ နုရီကိုပိုးပန်းရာ တစ်နှစ်လည်ပြီး ရတနာ့ဂူပွဲ ရောက်ချိန်တွင် ထွေးမောင်နှင့်နုရီတို့ လှည်းပေါင်းမိုးအောက်တွင် ချိန်းတွေ့ရာမှ လူကြီးများမိသွားပြီး ဝါကျွတ်တွင် မင်္ဂလာ ဆွမ်းကျွေးခဲ့သည်။ ထွေးမောင်နှင့်နုရီ လက်ထပ်ပြီး ၃လ အကြာတွင် နုရီအဖေဆုံးသည်။ ထွေးမောင်သည် လက်ထပ်ပြီး နုရီတို့အိမ်သို့ရောက်ချိန်ကတည်းက ကျိုးတိုးကျဲတဲ အိမ်အမိုးကိုသတိထားမိသည်။ သို့သော်ဝန်နှင့်အားမမျှ၍ ကြည့်နေရသည်။ ထွေးမောင်ဈေးရောင်းရသည့် ငွေနှင့် လူနှစ်ယောက်စားဖို့ပင် အနိုင်နိုင်ဖြစ်သည်။ နုရီကလည်း ကိုယ်ဝန်နှင့်မို့ ထွေးမောင် အလုပ်မခိုင်းရက်ပေ။ လှည်းနှင့်နွားကို ရောင်းရငွေသည် နုရီဖခင်၏ အသုဘစရိတ်နှင့် ရက်လည်ဆွမ်းအတွက် အသုံးပြုလိုက်ရသည်။ သံသရာကြွေးလွတ်အောင် နုရီဖခင် တင်ခဲ့သော အကြွေးများကို ထိုးဆပ်ခဲ့ရသည့်အတွက် အပိုငွေမကျန်ပေ။ မိုးမလုံလျှင် မဖြစ်သည့်အကြောင်း နုရီပြောလျှင် ထွေးမောင်က **"မပူပါနဲ့ကွာ တစ်သက် မိုးနိုင်ဖို့မလွယ်ဘူး"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၁)ဟု ခပ်ရွတ်ရွတ်ဖြင့် ပြန်ပြောလေ့ရှိကြောင်း တင်ပြခဲ့သည်။

ထို့ပြင် သွေးနုသားနု ဇနီးသည်ကို စိတ်ပူ၍ မိုးရိပ်မြင်တိုင်း ဈေးရောင်းရာမှ ထွေးမောင်ပြန်လာသည်ကို စာဖတ်သူများ မြင်ယောင်လာအောင်တင်ပြထားသည်။ ထိုအကြောင်းကို ဝတ္ထုတွင်ဈေးရောင်းမှအပြန် အိမ်ထဲ ချိုးဝင်ချိန်တွင် မိုးကတစ်ပေါက်စနှစ်ပေါက်စ ကျလာပုံ၊ စက်ဘီးလေးကို ယိုင်ရွဲ့နေသော နွားတင်းကုပ်တိုင်တွင် မှီလိုက်ပုံ၊ ကယ်ရီယာပေါ်က ခြင်းတောင်းကိုဖြုတ်ပြီး အိမ်ထဲဝင်လိုက်ပုံတို့ကို စာရေးသူသည် ဇာတ်ဆောင်လှုပ်ရှားပုံနှင့်အတူ တစ်ကွက်ချင်းပြခဲ့သည်။ ထို့နောက် အိမ်ထဲမှဆီးကြိုကာ စိုးရိမ်စိတ်နှင့် မိုးရွာတော့မည့်အကြောင်း လှမ်းပြောသည့်နုရီ၊ နုရီတို့သားအမိမိုးလုံရန်အတွက် အလုပ်ရှုပ်နေသည့် ထွေးမောင်တို့၏ အမူအရာများသည် စိတ်မျက်စိတွင် မြင်ယောင်လာသည်။

ဇာတ်ဆောင်နှင့်ထပ်တူ စာဖတ်သူများပါ စိုးရိမ်ပူပန်စိတ်ဖြစ်ရသည်။ စာဖတ်သူသည် စာနာစိတ်ဖြစ်ရသည်။ ထွေးမောင်သည် နုရီပြောသောစကားများကို အဖြေမပေးနိုင်သေးဘဲ နိုင်လွန်ကြိုးများဖြင့် အလုပ်ရှုပ်နေသည်။ ထွေးမောင် နွားတင်းကုပ်ပေါ်က ဝါးလုံးများယူပြီး ခွဲစိတ်လိုက်သည်။ ထို့နောက် စိတ်ပြီးသား ဝါးခြမ်းထိပ်တစ်ဖက်ကို ခုတင်တိုင်နှင့် ချည်လိုက်သည်။ ဝါးခြမ်းကိုကွေးပြီး ကျန်ထိပ်တစ်ဖက်ကို ကျန်တဲ့ခုတင်ပေါင်နှင့် တွဲချည်လိုက်သည်။ ခြေရင်းမှခေါင်းရင်း ဝါးငါးချောင်း ချည်ပြီးသွားသည့်အခါ ခုတင်ပေါ်တွင် ပေါင်းမိုးလေးတစ်ခုပေါ်လာသည်။ ထိုငါးချောင်းကို ကန့်လန့်ဖြတ်ပြီး ဝါးခြမ်းသုံးချောင်းနှင့် တွဲချည်လိုက်ပြန်သည်။ ဇနီးနှင့်ကလေး မိုးလုံရေးအတွက် ကြိုးပမ်းနေသော ထွေးမောင်၏ လှုပ်ရှားလုပ်ကိုင်ပုံများကို အသေးစိတ်ဖော်ပြထားရာ စာဖတ်သူသည် ထွေးမောင်၏ ပြုမူလှုပ်ရှားပုံများကိုကြည့်ပြီး နုရီနှင့်အတူစိတ်လှုပ်ရှားမှု ဖြစ်စေခဲ့ပါသည်။

ထို့နောက် မိုးက ပိုစိပ်လာခဲ့သည်။ ထွေးမောင်သည် ဖျာကြမ်းအစုတ်တစ်ချပ်ကို ပေါင်းမိုးပေါ် အုပ်ပြီး ချည်လိုက်ပြန်သည်။ ဖျာကြမ်းပေါ်ကို ပလက်စတစ် ဖြန့်အုပ်လိုက်သည်။ ခြေရင်းမှလိုနေသည်ကို မြွေရေခွံအိတ်နှင့် အုပ်လိုက်ပြီးနောက်ဆုံး နိုင်လွန်ကြိုးများနှင့်အပေါ်မှ သိုင်း၍ချည်လိုက်သည်။ ဈေးခြင်းတောင်း၊ ဆီအိုး၊ ဆားအိုးများကို ခုတင်အောက်သွင်းလိုက်ပုံ၊ အဝတ်အစားထည့်သည့် သံချေးတက်သံသေတ္တာကို ခုတင်ချေရင်း ပေါင်းမိုးအောက် သွင်းလိုက်ပုံ၊ နုရီဘေးတွင် ထွေးမောင် လှဲအိပ်လိုက်ပုံ မိုးတကယ်ရွာလာပုံတို့ကို ဇာတ်ဆောင်လှုပ်ရှားမှုနှင့်အတူ တစ်ကွက်ပြီးတစ်ကွက်ပြခဲ့ပါသည်။ အကြိုနိဂုံးတွင် ထွေးမောင်က **"ကဲ လုံသွားပြီမဟုတ်လား"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၃)ဟုလည်းကောင်း၊ နုရီက **"ကြံ့ကြံ့ဖန်ဖန်လုပ်လည်း လုပ်တတ်တယ်"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၃)ဟုလည်းကောင်း၊ **"ခုလိုဆိုတော့ နင်နဲ့ငါနဲ့ ချိန်းတွေ့တဲ့ညကို သတိမရဘူးဘူးလား"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၃)ဟုလည်းကောင်း၊ **"သွားမျက်နှာရှူး"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၃)ဟုလည်းကောင်း ဇာတ်ဆောင်အချင်းချင်း အပြန်အလှန် ပြောစကားများ၊ **"နုရီရဲ့ပြုံးစေ့စေ့မျက်နှာကိုကြည့်ရင်း ထွေးမောင် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်"**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၃)ဟူသော စာရေးသူ ပြောစကားများသည် ဆင်းရဲသော်လည်း ဘဝအခက်အခဲကို အံတုရင်း နေထိုင်ရှင်သန်နေကြသည့် ဇနီးမောင်နှံနှစ်ဦး၏ ကြည်နူးစရာမြင်ကွင်းသည် ပီပြင်သည့် အကြိုနိဂုံးဖြစ်ပါသည်။

ဝတ္ထုအဆုံးတွင်

> **ဒါပေမယ့် ထွေးမောင်ရင်ထဲမှာ သိပ်သိချင်နေတာတစ်ခုရှိတယ်။ လူတွေကိုဂူထဲကနေ ကွင်းပြင်ထွက်ပြီးအိမ်နဲ့ရာနဲ့ ဆောက်လုပ်နေထိုင်တတ်လာအောင် ဘယ်သူကစပြီး တွေးခေါ်ဦးဆောင်ခဲ့တာလဲ။ သူဘယ်သူလဲ။ ထွေးမောင် သိပ်သိချင်တယ်။ ဖြစ်နိုင်ရင် ဒီပုဂ္ဂိုလ်နဲ့ တွေ့ချင်တယ်။ တွေ့ရင်ထွေးမောင် ရင်ထဲမှာ ပြောစရာတွေအများကြီးရှိတယ်။**(ကိုချစ်၊ ၂၀၁၄၊ စာ ၁၇၃)

ဟူ၍ ဇာတ်ဆောင်ထွေးမောင်၏ အတွေးဖြင့် အဆုံးသတ်ထားပါသည်။

ဤဝတ္ထုတွင် ဆင်းရဲနွမ်းပါးသော်လည်း ဘဝကိုရုန်းကန်ရင်း စိတ်ချမ်းသာအောင် နေထိုင်နေကြသည့် ထွေးမောင်တို့ မိသားစုဘဝလေးကို ပုံဖော်ပြထားခြင်းဖြစ်သည်။ မိသားစုတွင်း ကြိုးစား

ရုန်းကန်နေပါသော်လည်း တစ်ဆင့်မြင့်သည့်ဘဝသို့ မတိုးတက်မပြောင်းလဲရသည်မှာ မည်သူကြောင့် ဖြစ်မည်နည်း။ ဝတ္ထုအဆုံးသတ်တွင် ဇာတ်ဆောင်အတွေးကို အမေးဝါကျဖြင့် တင်ပြထားသည်မှာ စာဖတ်သူအား ဆက်လက်၍ ဆင်ခြင်တွေးတောစရာများကို ပေးနိုင်သော အဆုံးသတ်ကောင်းသည့် ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။

**သုံးသပ်ချက်**

ဝတ္ထုသည် လူတိုင်းဖတ်နိုင်သော၊ နားလည်လွယ်သော ရသစာပေတစ်မျိုးဖြစ်ပါသည်။ ဝတ္ထုသည် လူ့သဘာဝအဖြစ်အပျက်တို့ကို စိတ်ဝင်စားဖွယ် ရေးသားထားသောစာဖြစ်သည်။ ဝတ္ထုအမျိုးအစားများစွာရှိသည့်အနက် ဘဝသရုပ်ဖော်ဝတ္ထုကို နှစ်သက်ခဲ့ပါသည်။ ဘဝသရုပ်ဖော်ဝတ္ထုများသည် ဒိဋ္ဌဓမ္မလူ့လောကနှင့် ထင်ဟပ်နေသော ဇာတ်ဆောင်စရိုက်ကို လှုပ်ရှားသက်ဝင်လာစေရန် ရေးသားတင်ပြနိုင်သည်။ ထိုသို့ရေးသားရာတွင် ဝတ္ထုရေးသူတို့သည် သူတို့၏ဝတ္ထုများကို ပုံစံအမျိုးမျိုးဖြင့် နိဂုံးချုပ်ကြပါသည်။ ထိုနိဂုံးမှတစ်ဆင့် စာဖတ်သူများကို တွေးတောဆင်ခြင်စရာများ ပေးလေ့ရှိပါသည်။ ဤစာတမ်းသည် ကိုချစ်၏ ဝတ္ထုတို(၅)ပုဒ်၏ နိဂုံးပိုင်းတို့ကို လေ့လာတင်ပြ ထားပါသည်။ ဘဝသရုပ်ဖော်ဝတ္ထုများသည် အခြေခံလူတန်းစားတို့၏ ဘဝများကိုစာနာနားလည်လာအောင် လူ့သဘောလူ့သဘာဝကို သိမြင်လာစေအောင် အဓိကထားရေးဖွဲ့ထားသော ဝတ္ထုများဖြစ်ပါသည်။ ထိုဝတ္ထုများမှတစ်ဆင့် လူ့သဘောသဘာဝတို့ကို ပို၍သိမြင်လာနိုင်ပေသည်။ "သူငယ်နာ"ဝတ္ထုတို၏ နိဂုံးမှတစ်ဆင့် မိဘတို့ကြောင့် ပညာသင်ရမည့်အရွယ်တွင်မသင်ရဘဲ အလုပ်လုပ်ခဲ့ရသည့် လူငယ်တို့၏ဘဝကို သရုပ်ဖော်ထားသည်။ ထို့ပြင်ကလေးများ လမ်းပေါ်ရောက်သည်အထိ မျှော်လင့်ချက်မဲ့ခဲ့ရပုံ များကို ပီပီပြင်ပြင် ပုံဖော်ထားနိုင်သည်။ ကလေးတို့၏ဘဝများ လမ်းဘေးရောက်ရပုံကို ခြေရာခံ ကြည့်လျှင် မိဘတို့၏စီးပွားရေး အဆင်မပြေမှု၊ တိုင်းပြည်၏ ချွတ်ခြုံကျမှုတို့ကို အဆင့်ဆင့် တွေ့မြင်လာ ရသော တွေးစရာပေးသော နိဂုံးဖြစ်ပါသည်။ ထိုသို့လမ်းဘေးရောက်သည့်တိုင် ရွာလည်းစီးပွားမဖြစ်၍ မပြန်ဖြစ်၊ ရှေ့ဆက်လည်းဘာလုပ်ရမှန်းမသိသော အနာဂတ်ဝေဝါးပြီး လမ်းပျောက်ခဲ့သော ကလေးများ ၏ ဘဝကို ရင်နင့်ဖွယ်ခံစား ရေးသားထားနိုင်သည်။ ကလေးလူငယ်များ လမ်းမှားရောက်ရသည့် အခြေအနေကို သတိပြုဆင်ခြင်နိုင်စေရန် တင်ပြထားနိုင်သည့် ဝတ္ထုနိဂုံးကောင်းဖြစ်သည်။ "ကျွဲရိုင်း"ဝတ္ထုတိုသည်လည်း ဘဝသရုပ်ဖော်ဝတ္ထုအဖြစ် ပီပြင်သောဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဖိနပ်ကလေးတစ်ရန်ပင် စီးစရာမရှိသော ကလေးငယ်တစ်ဦး၏ ဘဝကိုနောက်ဆုံး ဖိနပ်ကလေးအတွက် အသက်ပေးခဲ့ရသည်ကို ရင်နင့်ဖွယ်တင်ပြထားနိုင်သည်။ ဘဝတွင်တစ်ခါမျှ မစီးဖူးခဲ့သော ဖိနပ်ကလေးကို အမြတ်တနိုး စီးခွင့်ပင် မရလိုက်သော ကလေးငယ်တစ်ဦး၏ဘဝတို့ကို သနားစဖွယ် တွေ့မြင်နိုင်သော စာဖတ်သူများကို ခံစားမှုရသပေးစွမ်းနိုင်သော နိဂုံးဖြစ်ပါသည်။ "ရွယ်လွန် အတ္တကြီးဝိုင်း"သည် မောင်နှမတစ်စု အမွေပြဿနာမှတစ်ဆင့် လူ့စရိုက်လူ့သဘာဝတို့ကို ပီပြင်စွာဖော်ကျူးထားနိုင်သော ဝတ္ထုတိုဖြစ်ပါသည်။ အမှုနိုင်ရေးအတွက် သက်သေရှာနေကြသော်လည်း နောက်ဆုံးဟင်းထည့်သွားပုံဖြင့် ပြခဲ့သော နိဂုံးသည် လူ့သဘာဝကို ဆင်ခြင်တွေးတောစရာပေးနိုင်သော နိဂုံးဖြစ်သည်။ "တံလှပ်တောအလယ်" သည် အခြေခံလူတန်းစားတို့၏ ဘဝတွင်မီးဘေးသင့်၍ ထမင်းထုပ်လာဝေချိန်၌ ကြက်သားဟင်းကိုမြင်ပြီး ဝမ်းသာအားရအော်နေသည့် ကလေးငယ်၏ အော်သံနှင့်ဒုက္ခကြားမှ မျှော်လင့်ချက်ထားနေကြသည့်

မိဘများ၏အတွေးကို ပီပီပြင်ပြင် ရင်နင့်ဖွယ်ကြားခဲ့သိခဲ့ရသည့် အပိတ်နိဂုံးဖြစ်ပါသည်။ "သမိုင်းဦး ဝေဒနာ" သည်မိသားစုတွင်း ကြိုးစားရုန်းကန်နေပါသော်လည်း တစ်ဆင့်မြင့်သည့်ဘဝသို့ မတိုးတက် မပြောင်းလဲရသည်မှာ မည်သူကြောင့်ဖြစ်မည်နည်း။ အဆုံးသတ်တွင် ဇာတ်ဆောင်အတွေးဖြင့် တင်ပြ ထားသည်မှာ စာဖတ်သူအား ဆက်လက်၍ ဆင်ခြင်တွေးတောစရာများကို ပေးနိုင်သောအဆုံးသတ် ကောင်းသည့် ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ ထို့ကြောင့်နိဂုံးများသည် ဝတ္ထုတိုလေ့လာမှုတွင် အရေးပါ ကြောင်းနှင့် စာရေးသူ၏အာဘော်ကို ဖော်ဆောင်နိုင်ပြီး နှစ်သက်ခြင်းရသနှင့်အတူ ဆင်ခြင်တွေးတော စရာများကိုလည်း ပေးစွမ်းနိုင် ကြောင်းသုံးသပ်လိုပါသည်။

## နိဂုံး

ဤစာတမ်းသည် ကိုချစ်၏ ဝတ္ထုတို(၅)ပုဒ်၏ နိဂုံးပိုင်းကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ဤစာတမ်းတွင် ဝတ္ထုတစ်ပုဒ်၌ နိဂုံးပိုင်း၏ အရေးကြီးပုံများကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ဝတ္ထုတိုအဖွင့်များနှင့်ပတ်သက်၍ လေ့လာစရာများကျန်ရှိနေပါသေးသည်။ ဤဝတ္ထုတို များ၏ အဖွင့်နိဒါန်းများကို ဆက်လက်လေ့လာဖော်ထုတ်နိုင်ပါသေးသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ကိုချစ်။(၂၀၁၄)။ **စိတ်ကူးနှင့်ဘုရားတည် ကောင်းမှုတော်ထက်မငယ်နိုင်ပေါင်နှင့် ဝတ္ထုတိုစု** (ဒုကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

ကျော်အောင်။ (၂၀၀၁)။ ***ဝတ္ထုတိုများ***(ဒုကြိမ်)။ ရန်ကုန်၊ ရာပြည့်အော့ဖ်ဆက်။

ခင်မင်မောင်၊ ဓနုဖြူ ။၂၀၀၉။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ***။ ရန်ကုန်၊ ပန်းရွှေပြည် ပုံနှိပ်တိုက်။

စိုးရွှေစင်။ (၂၀၁၅)။ ***ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုအတတ်ပညာ*** ရန်ကုန်၊ ရုပ်ပြောင်စာအုပ်တိုက်။

တာရာ၊ ဒဂုန်။ (၁၉၆၇)။ ***စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု***။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

တက်တိုး။ (၁၉၆၅)။ ***ပင်ကိုယ်ရေးဝတ္ထုများနှင့် ကိုယ်တိုင်ရှင်းပြချက်များ***။ ရန်ကုန်၊ လုပ်အား ပုံနှိပ်တိုက်။

မင်းကျော်။ (၁၉၇၉)။ ***ဝတ္ထုတိုအတတ်ပညာ၊ ဝတ္ထုတိုစာတမ်းများ(ပတွဲ)***။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မင်းယုဝေ။ (၁၉၇၉)။ ***ဝတ္ထုတိုအတတ်ပညာ၊ ဝတ္ထုတိုစာတမ်းများ(ပတွဲ)***။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်(ဒုကြိမ်)***။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

သူရိယကန္တိ။ (၁၉၆၇)။ ***ဝတ္ထုရေးလိုသော်***။ ရန်ကုန်၊ ချိုးဖြူပုံနှိပ်တိုက်။


### အင်္ဂလိပ်ဘာသာ


How to End a Short Story – Tips for a Compelling Conclusion

Posted on February 5, 2023 by Nathaniel Tower

## မှုရင်းကောက်နုတ်ချက်များ

| စဉ် | မူရင်းကောက်နုတ်ချက် | ကိုးကားသည့် စာမျက်နှာ |
|---|---|---|
| ၁ | Resolution: In this type of ending, the protagonist resolves the conflict or problem that has been driving the story. This type of ending can provide a sense of closure and satisfaction to the reader. | ၄ |
| ၂ | A twist ending can leave the reader feeling shocked, satisfied, or frustrated, depending on how well it is executed. | ၄ |
| ၃ | Open-ended: This type of ending the resolution of the storys conflict unresolved. This type of ending can be effective in creating a sense of ambiguity or encouraging the reader to reflect on the storys themes. | ၄ |
| ၄ | The open-ended ending leaves the resolution of the storys conflict unresolved, encouraging the reader to reflect on the larger issues at play in the story. | ၄ |